ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပြာသိုလကွယ်၊ ကြာသပတေးနေ့၊ (3-2-2011) (၆၆၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားတို့၏အားမာန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြင့်မားသော တောင်တန်းကြီးများ၊ မြေပြန့်လွင်ပြင်များ၊ သမမျှတသော ရာသီဥတု၊ ကောင်းမွန်သော မြေဆီ မြေနှစ်၊ ကျယ်ပြန့်သော ပင်လယ်ပိုင်နက်၊ ရှည်လျားသော ကိုယ်ပိုင်မြစ်ကြီး အသွယ်သွယ်တို့ဖြင့် မြတ်နိုးဖွယ်အတိဖြစ်သည့်အပြင် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတတို့ အထူးကြွယ်ဝသည့် နိုင်ငံတော်ကြီးဖြစ်ပါသည်။ ၎င်း နိုင်ငံတော်ကြီး၏ နေရာဒေသတိုင်းတွင် တိုင်းရင်းသား ပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ပျံ့ပျံ့နှံ့နှံ့ ရောနှော နေထိုင်လာခဲ့ကြပါသည်။

အလွန်သာယာဝပြောသော အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်ဖြင့် ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ထားခဲ့ကြရာ တိုင်းရင်းသားအားလုံးက ဆတ်ဆတ်ခါ နာကြည်းခဲ့ကြရပါသည်။ သူ့ကျွန်အဖြစ် ဘုရားထူးရသည် အထိ ချိုးနှိမ်ခြင်းခံခဲ့ရသောဘဝကို ခါးသီးစွာ အတူတကွ တွေ့ကြုံခံစားခဲ့ကြရပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ဇာတိမာန်ထက်သန်လှစွာ တွန်းလှန်ခဲ့သော တိုင်းရင်းသားတို့၏ အားမာန်ကြောင့် နယ်ချဲ့တို့သည် မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြရပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ-

လမ်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သောကတ္တရာဝယ်ယူရန် စာချုပ် ချုပ်ဆိုပွဲ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀ ဝယ်ယူရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd. တို့ စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရေဘုတ်ဆည်အစွမ်းဖြင့် နွေစပါးတို့လန်းကြပြီ

နွေခေါင်ခေါင် ကွင်းပြောင်ပြောင်အရပ်မှာ စပါးတွေ ဝေဖြာနေသည့် မြင်ကွင်းက မျက်မှောက်ကာလတွင် အဆန်းတကြယ်မဟုတ်တော့။ သို့ဖြစ်လင့်ကစား ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တပုထို၊ သဗ္ဗာန်၊ ထီလုံ စသည့် ကျေးရွာများ၌မူ အသွင်ဆန်းသော မြင်ကွင်းတစ်ရပ်ပါပေ။

ဟုတ်တော့လည်း ဟုတ်သည်။ ယခင်က အဆိုပါကျေးရွာများတွင် ရေမရရှိ၍ နွေစပါးဆိုသည်မှာ နတ္ထိ။ ယခုမူ နိုင်ငံတော်က တည်ဆောက်ပေးသည့် ရေဘုတ်ဆည်အစွမ်းဖြင့် ကျေးရွာများတွင် နွေစပါးများ လန်းခဲ့ကြချေပြီ။

ရေဘုတ်ဆည်သွား တောလမ်းခရီးဝယ် နွေစပါးများ တပျော်တပါး စိုက်ပျိုးနေကြသည့်မြင်ကွင်းကို တွေ့မြင်လိုက်ရ၍ ခရီးတစ်ထောက်နားကာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ကျေးရွာက သဗ္ဗာန်ကျေးရွာတည်း။ နွေစပါးများ စိုက်ပျိုးလျက်ရှိကြသည်။ ယခင်က ဘာသီးနှံမျှ မစိုက်နိုင်သော ဒေသတွင် ဆည်ရေအကျိုးကျေးဇူးကြောင့် နွေစပါးအပြင် အခြားသီးနှံများကိုပါ သီးထပ်စိုက်ပျိုးကြဦးမည်ဟု တောင်သူများက ရွှင်လန်းတက်ကြွစွာ ဆိုကြသည်။

ရေဘုတ်ဆည်၏ အကျိုးကျေးဇူးက ကြီးမားလေစွ။ ရေဘုတ်ဆည်ကို ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းပေါ်တွင် မြေသားတမံအလျား ပေ ၁၇၇၂၀၊ အမြင့် ၄၆ ပေနှင့် သိုလှောင်ရေပမာဏ ဧကပေ ၃၆၀၀၀ ခန့် သိုလှောင်၍ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အတွင်းရှိ လယ်မြေဧရိယာ ၅၄၅၂ ဧကခန့်ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

ဓာတ်ပုံ - သာဦးဏ်(သတင်းစဉ်)

ရေဘုတ်ဆည်

လှိုင်းဘွဲ့ မြို့နယ်အတွင်း နွေစပါးများ ဝေဖြာလာအောင် အကျိုးပြုပေးနေသည့် ရေဘုတ်ဆည်ကို တွေ့ရစဉ်။

ကြေးမုံ The Mirror

၃-၂-၂၀၁၁
(ကြာသပတေးနေ့)

သဘာဝအစားအစာ အသက်ရှည်ကျန်းမာ

လူ့ဘဝတွင် သက်တမ်းစေ့အသက်ရှည်စွာနေထိုင်နိုင်ရေးသည် အဓိက အရေးပါသည်။ ရောဂါဘယကင်းရှင်းကျန်းမာခြင်းသည် လူတိုင်းအတွက် လိုအပ်ချက်ဖြစ်သည်။ ကျန်းမာရေးအသိပညာပေးမှုများနှင့်အညီ စနစ်တကျ နေထိုင်စားသောက်လိုက်နာကြခြင်းဖြင့် အသက်ရှည်ကျန်းမာကြံ့ခိုင်ကြမည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်ထဲရှိ ကလပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ နေ့စဉ်လှုပ်ရှားသွားလာရန်အတွက် လိုအပ်သည့်စွမ်းအင်ကို အောက်ဆီဂျင်နှင့် ခန္ဓာကိုယ်တွင်းရှိ ဂလူးကို့စ်တို့ ထိတွေ့ဓာတ်တိုးရာမှရရှိသည်။ သဘာဝအစားအစာများမှ ရရှိသော ဗီတာမင်များ၊ သတ္တုဓာတ်များသည် ဓာတ်တိုးကာကွယ်နိုင်သော အာနိသင်အပြည့်အဝပေးနိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိပေ။

ကျန်းမာရေးအတွက် သဘာဝအစားအစာများ မျှတစွာ စားသုံးသင့်သကဲ့သို့ အချို့သောမုန့်နှင့် အစားအသောက်များကိုလည်း သတိပြုဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ကင်ဆာမဖြစ်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ ထုတ်ပြန်ထားရာ လူတိုင်းအဝမလွန်စေရေး၊ အဆီနှင့်တိရစ္ဆာန်နှင့် အသီးအနှံများမှရသော ဆီများ အပါအဝင် ဆီများလျှော့စားရေးတို့ပါဝင်သည်။

ထို့အပြင် ငါးခြောက်၊ ဝက်အူချောင်းနှင့် သနပ်များစသည့် ဆားဖြင့် စီမံထားသော အစာများ၊ ကျပ်တင်ထားသော အစာများ၊ ယမ်းစိမ်းဖြင့် ပြုပြင်ထားသောအစာများနှင့် အချဉ်သနပ်များ အလွန်အကျွံစားသုံးခြင်းများမှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် အရက်သေစာသောက်စားခြင်းများသည် ကင်ဆာဖြစ်စေနိုင်သဖြင့် သတိပြုဆင်ခြင်ကြရန် လိုအပ်သည်။

ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ သဘာဝရေငန်ငါးများ မှန်မှန်စားသုံးခြင်းသည် ကျန်းမာရေးအတွက် ပိုမိုအကျိုးသက်ရောက်မှုရှိစေသည်။ ကင်ဆာမဖြစ်စေရေးအတွက် စားသုံးသင့်သည့် အစားအစာများတွင် အမျှင်များပါသော အသီးအနှံ၊ အရွက်နှင့် ဆတ်၊ ဂျုံ၊ ပြောင်းများ ဗီတာမင်စီဓာတ်ပါသော အချိုအချဉ်ဓာတ်ရှိသော အသီးများ၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီစိမ်းထုပ်၊ ပန်းဂေါ်ဖီနှင့် ကညွတ်များ ပါဝင်သည်။

နံနက်ခင်းတိုင်း သန့်ရှင်းလတ်ဆတ်သည့် လေကို ရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ခြင်းသည် သဘာဝစွမ်းအင်မှ ဗီတာမင်ဒီကို လုံလောက်စွာရရှိနိုင်သည်။ လူတိုင်းအတွက် အကောင်းဆုံး လေ့ကျင့်ခန်းတစ်ခုအနေဖြင့် ကိုယ်လက်လှုပ်ရှား နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်း၊ ဗီတာမင်ဒီဓာတ်ပါဝင်သော ဖြည့်စွက်အစားအစာများ ပိုမိုစားသုံးခြင်းတို့ဖြင့် လူတိုင်း ရွှင်လန်းကျန်းမာ ကြံ့ခိုင်နေကြမည်ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၃။ တရားတော်
- ၇:၃၀ ၄။ ဓမ္မပူဇာတေး
- ၇:၃၅ ၅။ မျိုးချစ်တပ်မတော်
- ၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ ဦးတည်ချက်(၁၂)ရပ်
- ၈:၁၃ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၃။ အဖွင့်သီချင်း
- ၄:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၅။ ဗွီစီဒီကျော်ကြားတေး
- ၄:၂၅ ၆။ မွေးမြူသုတ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၈။ ရန်သူမီး
- ၄:၅၅ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူ ပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
- ၅:၃၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၅ ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၃၆)**
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၄၄)
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၅)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အနုပညာရှင်၏တစ်နေ့တာ
- ၂၂။ လျှပ်တစ်ပြက်
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၄)**
- ၂၅။ ဂီတရင်ခုန်သံ
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှစ်ရှည်သီးနှံ (ရော်ဘာ/ဆီအုန်း)အထူးပြု စိုက်ပျိုးရေးဒီပလိုမာသင်တန်းကျောင်း မြိတ်မြို့၌ ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန(နှစ်ရှည်ပင်လုပ်ငန်း) နှစ်ရှည်သီးနှံ(ရော်ဘာ/ဆီအုန်း) အထူးပြုစိုက်ပျိုးရေးဒီပလိုမာ သင်တန်းကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီတွင် မြိတ်မြို့နယ် ရွှေဒူးကျေးရွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ရွှေဒူးခြံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက သင်တန်းကျောင်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူတို့နှင့်အတူ နှစ်ရှည်သီးနှံ(ရော်ဘာ/ဆီအုန်း) အထူးပြု စိုက်ပျိုးရေးဒီပလိုမာသင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သင်တန်းကို တစ်နှစ်လျှင် သင်တန်းသား ၅၀ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်နှစ် သတ်မှတ်ထား၍ သင်တန်းတက်ရောက် အောင်မြင်ပါက စိုက်ပျိုးရေးဒီပလိုမာ (ရော်ဘာ/ဆီအုန်း သီးနှံအထူးပြု)ဘွဲ့ကို အပ်နှင်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း မြို့နယ်အဆင့် သင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂

ကယားပြည်နယ် ဘောလခဲမြို့နယ် မြေစာရင်းဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း (နောက်ဆက်တွဲစာရင်း ကောက်ယူခြင်း) မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့တွင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးတင်ဝင်းရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနား၌ ခရိုင်ဥက္ကဋ္ဌက စာရင်းကောက်ယူရာတွင် စာရင်းကောက်အဖွဲ့များက စာရင်းကောက်ယူရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို တောင်သူများ နားလည်သဘောပေါက်အောင် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးအောင်နိုင်က စာရင်းကောက်ယူမည့် လုပ်ငန်းအဆင့်ဆင့်နှင့် နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ရက်မှ ၁၅ရက်အထိကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ ခရိုင်/မြို့နယ် မြေစာရင်းဝန်ထမ်း ၁၅ ဦး တက်ရောက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အထက(၁) ဒလ၏ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပရာ အတန်းပတ်လည်ပထမဆုနှင့် မြို့နယ်ဘက်စုံထူးချွန်ဆုရရှိသော အဋ္ဌမတန်းမှ မသက်မှူးပိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီ ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

MPEC

Diploma in Software Engineering

သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂

Myanmar Professionals Education Centre က မလေးရှားနိုင်ငံ Cambridge ICT မှ ပေးအပ်သည့် CICT Diploma in Software Engineering သင်တန်းတန်းခွဲသစ်ကို ဖေဖော်ဝါရီ ဒုတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

Computer အခြေခံရှိရုံဖြင့် တက်ရောက်နိုင်မည်ဖြစ်ပြီး သင်တန်းကာလ ကိုးလသာကြာမြင့်မည်ဖြစ်သော အဆိုပါ Diploma သင်တန်းတွင် Software Engineering နှင့်သက်ဆိုင်သော အဓိက ဘာသာရပ်ခြောက်ခုနှင့် လက်တွေ့လုပ်ငန်းခွင်အသုံးချ Project တစ်ခုကိုပါ ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်သည်။

Diploma in Software Engineering သင်တန်းကို သင်ကြားမှုအတွေ့အကြုံသာမက လုပ်ငန်းခွင် အတွေ့အကြုံ ရင့်ကျက်သော ဆရာ၊ ဆရာမများက စနစ်တကျ လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

စနေ၊ တနင်္ဂနွေ တန်းခွဲသစ်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အထက်ပါ Diploma in Software Engineering သင်တန်းကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားပြီးသူများမှစ၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက Myanmar Professionals Education Centre (MPEC) အခန်း(၈၀၄/B) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၀၆၆၂၇၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၃)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂

ဒို့ကျေးရွာစိုက်ပျိုးရေးဂျာနယ် အတွဲ(၈)၊ အမှတ်(၃)ကို ဖေဖော်ဝါရီ ၁ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ငမိုးရိပ်ရေလှောင်တမံ အဖိုးတန်အမွေ၊ စားသုံးဆီဖူလုံရေး နေကြာစိုက်ပျိုးပေး၊ အပူပိုင်းဒေသများ၏ ရတနာထန်းပင် စိုက်ပျိုးပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ကျွဲ၊ နွားများအတွက် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်း၊ စနစ်တကျ တစ်နိုင်ဆိတ်မွေးမြူရေး၊ ကျွဲ၊ နွားအအေးမိခြင်းပျောက်စေခြင်း စသည့် မွေးမြူရေးဆောင်းပါးများ၊ အနာကြီးရောဂါကင်းစင်ရေး လူတိုင်းပါဝင်ကြိုးပမ်းပေး၊ ကြိုတင်ကာကွယ်ပါ ကင်ဆာရောဂါ၊ ချင်း(ဂျင်း)ကို ပုံမှန်စားပါ၊ သိမှတ်သင့်ရာ သွေးတိုးရောဂါ၊ လူတိုင်းအတွက် အာဟာရအကြောင်း သိကောင်းစရာ စသည့် ကျန်းမာရေးဆောင်းပါးများ၊ ပြည်သူ့အားဖြင့် အမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်ပေးသွားမည့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၊ ရှင်သန်နေသော မြို့မစာကြည့်တိုက်စသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါ ဆောင်းပါး၊ ဒိန်းမတ်နိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေအများဆုံး အိန္ဒိယနိုင်ငံဖြစ်လာနိုင်၊ တရုတ်နိုင်ငံ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုလျှော့ချရေး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အလေးထား ဆောင်ရွက်စသည့် နိုင်ငံတကာသတင်း၊ ဆောင်းပါးများအပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈)သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်သည်။

(သတင်းစဉ်)

တပ်ကုန်းမြို့နယ် မိုးစပါးအထွက်နှုန်း မှန်ကန်ရေး စံကွက်ရိတ်သိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂

တပ်ကုန်းမြို့နယ် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ အဖွဲ့ဝင် တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျင်မောင် ဦးဆောင်၍ တပ်ကုန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများသည် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာအုပ်စုတွင် ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၇ရက်က ကွင်းဆင်း၍ စံကွက်ရိတ်သိမ်းကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းခြင်းကို တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာအုပ်စု ကွင်းအမှတ် (၁၄၁၆)၊ ဦးပိုင်အမှတ် (၁၈/၃) တောင်သူဦးသိန်းလွင်၏ ဆင်းသုခမျိုးသန့် အဆင့်(၁) စပါးစိုက်ခင်း ၅ ဒသမ ၅၈ ဧကတွင်ပြုလုပ်ရာ တစ်ဧကအထွက်နှုန်း ၁၂၈ ဒသမ ၈၇ တင်း ထွက်ရှိကြောင်းသိရသည်။ ထွက်ရှိလာသော စပါးမျိုးများကို ၂၀၁၁-၂၀၁၂ခုနှစ် မိုးစပါးရာသီတွင် ဒေသတွင်းဖြန့်ဖြူး၍ မျိုးသန့်ပွားများစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၉၂)

အမျိုးသားများ ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဆီးနှင့်ကျောက်ကပ် ပညာရှင်များအဖွဲ့က ကြီးမှူး၍ အမျိုးသားဆိုင်ရာကျားသွေးဆုံးခြင်းနှင့် ကျားဟော်မုန်းလျော့နည်းခြင်း ရောဂါဆိုင်ရာဟောပြောပွဲကို ဇန်နဝါရီ ၂၃ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ထို့နောက် ဆီးနှင့် ကျောက်ကပ် ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတိုးလွင်နှင့် ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ပါရဂူဒေါက်တာမင်းသူတို့က ကျားသွေးဆုံးခြင်း၊ ကျားဟော်မုန်းလျော့နည်းခြင်း (Male Andropause, Male Hormone Deficiency) ခေါင်းစဉ်ဖြင့် ဆေးနှင့်ဆေးပညာရပ်များကို ဟောပြောခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

☆ **ရှေ့ဖုံးမှ**

အဆိုပါ စာချုပ်ချုပ်ဆိုပွဲအခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ Swiss Singapore Overseas Enterprises Pte., Ltd.မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် Swiss Singapore Overseas Enterprises Pte., Ltd. မှ Chief Representative, Mr. PD က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀) အမျိုးအစား မက်ထရစ်တန် ၃၀၀၀၀ အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် Swiss Singapore Overseas Enterprises Pte., Ltd. မှ Chief Representative, Mr. P D တို့က ကတ္တရာဝယ်ယူရေးဆိုင်ရာ စာချုပ်တွင် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးကြသည်။

ယခုချုပ်ဆိုသည့် စာချုပ်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/ တံတားလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာ (၈၀/၁၀၀)အမျိုးအစားမက်ထရစ်တန် ၃၀၀၀၀ ကို Swiss Singapore Overseas Enterprises Pte., Ltd. ထံမှ ဝယ်ယူရန် ချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ရေဘုတ်ဆည်မှ**

ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး၌ ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။

အထွက်နှုန်းကောင်းလှသည့် ရွှေဂွန်းမြေပဲများကို ဈေးကွက်သို့ အချိန်မီ တင်ပို့နိုင်ရန်အတွက် ဤသို့ စုပေါင်းနုတ်ယူကြသည်။

ဖြန့်ဝေပေး

လက်ရှိတမံလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ တူးမြောင်းလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင် ကန်ရေပြည့် အမှတ်ထက်ကျော်လွန်ရရှိခဲ့၍ အနီးပတ်ဝန်းကျင် ကျေးရွာများ နွေစပါး စိုက်ပျိုးနိုင်ရန် ဆည်ရေများကို လက်တံမြောင်းနှင့် တိုက်ရိုက်ရေပေးမြောင်းအချို့မှ ဒီဇင်ဘာလကတည်းက ဖြန့်ဝေပေးလျက်ရှိသည်။ လက်ရှိကာလတွင် ဆည်ရေဖြင့် နွေစပါးဧက ၁၀၀၀ စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်၍ ဆည်ရေသောက်ဧရိယာ ကျေးရွာများရှိ နွေခေါင်ခေါင် ကွင်းပြောင်ပြောင်အရပ်များတွင် နွေစပါးများ ပိုမိုလန်းကြပေတော့မည်။

ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝမှာလည်း ခေတ်စကားအရ ပို၍ ပို၍ လန်းလာပေဦးမည်။

တိုးချဲ့စိုက်ပျိုး

ပြီးခဲ့သည့်နှစ် စိုက်ပျိုးရာသီတွင် လှိုင်းဘွဲ့မြို့နယ်၌ နွေစပါး ၂၃၀၉၅ ဧက စိုက်ပျိုးနိုင်ခဲ့၏။ ယခုနှစ် စိုက်ပျိုးရာသီတွင် နွေစပါးဧက ၁၀၀၀ နှင့် လာမည့်နှစ်များတွင် ဧက ၃၀၀၀ အထိ ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဟု သိရသည်။ တောင်သူများ၏ ရွှေခေတ်တစ်ခေတ်ပါပေ။

သွားရောက်လေ့လာ

ရေဘုတ်ဆည်သို့ သွားရောက်လေ့လာရင်း လှိုင်းဘွဲ့မြို့နယ်၏ ဒေသန္တရဗဟုသုတများကိုလည်း အချိန်ရခိုက် တစ်ပါတည်း လေ့လာခဲ့ကြသေးသည်။

ဖွံ့ဖြိုးစည်ပင်

လှိုင်းဘွဲ့မြို့နယ်သည် ပြည်နယ်အတွင်း ဧရိယာကြီးမားကျယ်ပြန့်သော မြို့နယ်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးစည်ပင်မှုရှိသည်။ ရွှေဂွန်းဆိုပါမူ ယခင်ကတည်းက ရေလမ်းခရီးတွင် အဓိကကျသော ဒေသတစ်ခုဖြစ်၍ လှိုင်းဘွဲ့ထက်ပင် ပိုမိုဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။

ရွှေဂွန်းမြေပဲ

ရွှေဂွန်းမြို့ ဖွံ့ဖြိုးစည်ပင်သည့်နည်းတူ ရွှေဂွန်းမြေပဲကလည်း မျက်မှောက်ခေတ်တွင် နာမည်ကျော်သည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြိုးကြပ်စီစဉ်ဆောင်ရွက်မှုဖြင့် နုန်းသွင်းမြောင်းများ ဖောက်လုပ်ပြီး သံလွင်မြစ်မှ နုန်းများကို နုန်းတင်မြေနုအဖြစ် ပြောင်းလဲပေးခဲ့၍ ရွှေဂွန်းမြေပဲမှာ အထွက်နှုန်းကောင်းသည်။

မြေပဲတစ်ဧကလျှင် ပျမ်းမျှ တင်း ၅၀ ကျော်သာ ထွက်ရှိချိန်တွင် ရွှေဂွန်းမြေပဲက တင်းရာကျော်ထွက်သည်။ ပြီးခဲ့သည့်နှစ်များက ဦးအုန်းတင်၏ မြေပဲခင်းတွင် တစ်ဧက ၁၅၇ တင်းထွက်ရှိ၍ FAO ဆုပင် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ မြေပဲစိုက်ခင်းများသည် ယခင်က မြေလွတ်မြေရိုင်းမျှသာဖြစ်ခဲ့၏။ ယခု ဆိုပါမူ တောင်သူများအတွက် မြေကြီးမှ ရွှေသီးလာခဲ့ချေပြီ။

ရေဘုတ်ဆည်သွား တောလားခရီးဝယ် ရေဘုတ်ဆည်မှ ရေဖြင့် နွေစပါးများကို တောင်သူများက ဤသို့ ပျော်ပျော်ပါးပါး စိုက်ပျိုးနေကြစဉ်။

အောင်ချက်မြင့်မား

ရွှေဂွန်းမြေပဲ အထွက်နှုန်းမြင့်မားသကဲ့သို့ ရွှေဂွန်းအထကကျောင်းကလည်း တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်စဉ် အောင်ချက်မြင့်မားသည်။ ပြည်နယ်အဆင့်တွင် ၂၀၀၇ - ၂၀၀၈ ပညာသင်နှစ်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တို့၌ ပထမ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဒုတိယတို့ဖြင့် ဆွတ်ခူးရရှိခဲ့ပေသည်။

ထိုဒေသတွင် ကျူရှင်မရှိ၊ ကျောင်းသင်ကြားမှုစနစ် တစ်ခုတည်းသာရှိ၏။ အောင်ချက်မြင့်မားရေးအတွက် အချိန်ပိုသင်ကြားခြင်း၊ Camp သွင်း၍ စာဖတ်ဝိုင်းများထူထောင်ခြင်းဖြင့် အထူးဝါယမစိုက်ထုတ် ကြိုးပမ်းခဲ့ကြ၏။ ယခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၆၆ ဦး ဝင်ရောက်ဖြေဆိုကြမည် ဖြစ်သည်။ ကျောင်းအုပ်ဆရာမကြီးက ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ပိုမိုမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဆိုသည်။

ဇွဲကပင်မြေမှ ဌာနေသို့ အပြန်ခရီးဝယ် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းစုံက နှလုံးသားထဲ၌ စွဲမြဲထင်ဟပ်နေဆဲ။

အထူးသဖြင့် နိုင်ငံတော်အစိုးရလက်ထက်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းခဲ့ရာ ယခုအခါ စားရေရိက္ခာ ဖူလုံသည့်အဆင့်မှ ပိုလျှံသည့် အဆင့်သို့ပင် ရောက်ရှိလာခဲ့ကြသည်ကို သံလွင်က သက်သေတည်လျက်ရှိပေပြီ။ မြန်မာပြည်၏ အလှများ ဖြစ်ကြသောမြစ်မင်းဧရာ၊ ချင်းတွင်း၊ စစ်တောင်းနှင့် ရွှေလီတို့ကလည်း ကိုယ်စီကိုယ်စီ သက်သေတည်လျက်ရှိကြောင်းပါ။ ။

ရေဘုတ်ဆည်မှ ရေဖြင့် ပျိုးထောင်စိုက်ပျိုးကာ အောင်မြင်နေသည့် နွေစပါးပျိုးပင်များကလည်း အားရဖွယ်ရာ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၁ (ကြာသပတေးနေ့)
[၁၃၇၂ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀ ၈။ အကပဒေသာ
၈း၃၀ ၉။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀ ၁။ Myanmar National League MNL Grand Royal (2011) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် မနောမြေ F.C)
၅း၀၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၀၅ ၃။ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၅း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၅ ၅။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၅း၅၀ ၆။ (၆၄)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ **ပျော်ရွှင်စေသော နေ့ရက်များ "အချစ်ကော်ဖီ" (အပိုင်း-၄၀) (ကိုလင်း၊ ရွှေပန်းချီ၊ ယုဇနဗိုလ်မြင့်၊ ရဲရဲယု) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၃၅ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၇)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ "အစာလည်းဆေး၊ ဆေးလည်းအစာ" (အပိုင်း-၁၂)
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၄)**
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၃၃)**
၁၈။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၉။ အစီအစဉ်ပြီး၏။

စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် စစ်ဆေးလျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများမှ ဝယ်ယူဓာတ်ခွဲစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ထုတ်လုပ်သော အရောင်ရှိ ကိတ်မုန့်နှင့် မုန့်များတွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သော အစားအသောက်တွင် သုံးခွင့်မပြုသည့် ဆိုးဆေးများ ပါဝင်နေသဖြင့် စားသုံးရန် မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်သူများသည် အစားအသောက်တွင် သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများကို ထည့်သွင်းသုံးစွဲခြင်းမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆို အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

စဉ်	အစားအသောက်အမည်	အမှတ်တံဆိပ်
၁။	ကိတ်မုန့်	ရတီ ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၂။	ကိတ်မုန့်	ဇမ္ဗူကျော် ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၃။	ခေါးလိပ်မုန့် (လေးထောင့်တုံး)	ဆန်းလာဘ် ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။
၄။	ခေါးလိပ်ကိတ်မုန့်	ဆန်းလာဘ် ထုတ်လုပ်သည့်လုပ်ငန်းလိပ်စာ ဖော်ပြမထားပါ။

ကျန်းမာရေးဝန်ကြီးဌာန

လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့အင်အားခိုင်မာရေး အာဖဂန်နစ္စတန်နိုင်ငံကို ရုရှားအကူအညီပေးမည်

ကဘူး ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ၌ အင်အားခိုင်မာတောင့်တင်းသော လက်နက်ကိုင်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့မရှိပါက အမှန်တကယ် လွတ်လပ်မှုရှိပြီး မိမိကိုယ်မိမိ ရပ်တည်နိုင်သောနိုင်ငံအဖြစ် ပေါ်ထွန်းလာနိုင်မည်မဟုတ်ကြောင်း မြို့တော်ကဘူးရှိ ရုရှားသံအမတ်ကြီးအင်ဒရေအဗီတစ်ယန်းက 'ရုရှားအသံ'အမည်ရှိ အသံလွှင့်ဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ စွမ်းပကားကို မြှင့်တင်နိုင်စေရန် ရုရှားနိုင်ငံက အကူအညီများ ဆက်လက်ပေးလျက်ရှိကြောင်း ရုရှားသံအမတ်ကြီးက ပြောကြားသည်။

ရုရှားနိုင်ငံသည် မကြာသေးမီက အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနအတွက် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်သေနတ် အလက်ပေါင်း ၂၂၀၀၀ နှင့် ကျည်ဆန်အတောင့်ပေါင်း ၂ ဒသမ ၅ သန်းကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း ၎င်းကပြောကြားသည်။

အာဖဂန် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များ၏အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် ရုရှားနိုင်ငံရှိ စစ်ဘက်ဆိုင်ရာတက္ကသိုလ်များ၌ လေ့ကျင့်ပေးမည့် အာဖဂန်တပ်ဖွဲ့ဝင်ဦးရေကို ၂၂၅ ဦးအထိ မြှင့်တင်မည်ဖြစ်ကြောင်း၊ အာဖဂန်ကြည်းတပ်တပ်ဖွဲ့ဝင်များကိုသာမက ရဲတပ်ဖွဲ့ဝင်များကိုလည်း မိမိ၏နိုင်ငံတွင် လေ့ကျင့်သင်ကြားပေးမှုများ တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။

ရုရှားအစိုးရသည် အာဖဂန်နစ္စတန်နိုင်ငံအတွက် စစ်ဘက်ဆိုင်ရာရဟတ်ယာဉ်များကို ထောက်ပံ့ပေးအပ်ဖွယ်ရှိကြောင်း သံအမတ်ကြီးက ဆက်လက်ပြောကြားသည်။ ***အင်တာနက်။***

ဖေဖော်ဝါရီ ၂ ရက်က အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်၌ နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့မှ စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ လေးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

ပက်ရှ်ဝါ ဖေဖော်ဝါရီ ၂

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ ရဲစခန်းတစ်ခုအနီးတွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူလေးဦးထက်မနည်း သေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသန္တရ သတင်းအရင်းအမြစ်များတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂ရက် နံနက်ပိုင်းက ရဲစခန်းဟောင်းအရှေ့ဘက်၌ ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ ထိုနေရာသို့ ရဲတပ်ဖွဲ့က ပိတ်ဆို့လိုက်ပြီး ရှာဖွေစုံစမ်းမှုများ စတင်ပြုလုပ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

ကယ်ဆယ်ရေးအဖွဲ့များ လျင်မြန်စွာရောက်ရှိလာပြီး ဒဏ်ရာရသူများကို အစိုးရဆေးရုံများသို့ ပို့ဆောင်ပေးလိုက်သည်။

ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်အချို့နှင့် အနီးတစ်ဝိုက်ရှိ အဆောက်အအုံများပျက်စီးသွားကြောင်း ဒေသခံရုပ်မြင်သံကြားဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဖေဖော်ဝါရီ ၂ ရက်က ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန် တာလီဘန်အဖွဲ့ သဘောတူလာဖွယ်ရှိသည်ဟု မျှော်လင့်ရ

ကဘူး ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံ၌ သူပုန်ထမှုအဆုံးသတ်စေရေးအတွက် တာလီဘန်အဖွဲ့က ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ်ရန် သဘောတူလာဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းတွင် ဖော်ပြသည်။

အာဖဂန်သမ္မတဟာမစ်ကာဇိုင်းသည် ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲကျင်းပရန် တာလီဘန်တိုက်ခိုက်ရေးသမားများကို ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးအိပ်စပရက်စ်သတင်းစာက ရေးသားဖော်ပြသည်။

သမ္မတကာဇိုင်း၏ ရည်မှန်းချက်တစ်ရပ်မှာ တာလီဘန်တိုက်ခိုက်ရေးသမားဟောင်းများကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်နေရာပေးရန်ဖြစ်သည်။ အာဖဂန်အစိုးရအဖွဲ့သည် ၂၀၁၄ ခုနှစ် ထက်နောက်မကျဘဲ နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ တာဝန် ဝတ္တရားများကို နေတိုးဦးဆောင်သောပြည်ပတပ်ဖွဲ့များထံမှ ပြန်လည်လွှဲပြောင်းယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲ၌ မည်သည့်အတိုင်းအတာအထိ သဘောတူညီမှုရနိုင်သည်ကို မသိနိုင်သော်လည်း တာလီဘန်သူပုန်အဖွဲ့ဝင်များမှာ ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိကြကြောင်း အမည်မဖော်သူအစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အိန္ဒိယ၌ရထားခေါင်မိုးမှစီးနင်းသူ ၁၈ဦး ခုံးကျော်တံတားနှင့်တိုက်မိကာသေဆုံး

လပ်ခနောင်း(အိန္ဒိယ) ဖေဖော်ဝါရီ ၂

ရထားခေါင်မိုးပေါ်တွင် လိုက်ပါစီးနင်းလာသည့် အလုပ်ရှာသူလူငယ် ၁၈ ဦးတို့သည် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ခုံးကျော်တံတားတစ်ခုနှင့်တိုက်မိပြီး သေဆုံးခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် ဥတ္တရပရာဒေ့ရှ်ပြည်နယ် မြို့တော် လပ်ခနောင်းအနောက်တောင်ဘက် ကီလိုမီတာ ၁၈၀ ခန့်အကွာရှိ ဘာရယ်လီမြို့၌ တပ်သားသစ်စုဆောင်းမှုကို ဆိုင်းငံ့ထားရန် အိန္ဒိယ-တိဘက်နယ်ခြားစောင့်တပ်ဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယ-တိဘက် နယ်ခြားစောင့်တပ်ဖွဲ့က ခေါ်ယူသော အလုပ်နေရာ ၄၆၁ နေရာအတွက် လာရောက်လျှောက်ထားသည့် လူပေါင်း ၂၀၀၀၀၀ ခန့်တွင် အဆိုပါ သေဆုံးသူများလည်း ပါဝင်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်အားပြင်းထန်သော ယာဆီဆိုင်ကလုန်းမုန်တိုင်း ဩစတြေးလျ၌ တိုက်ခတ်

ဆစ်ဒနီ ဖေဖော်ဝါရီ ၂

ယာဆီအမည်ရှိ အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတစ်ခုသည် ဩစတြေးလျနိုင်ငံ အရှေ့မြောက်ကမ်းခြေဒေသသို့ ဗုဒ္ဓဟူးနေ့ ညပိုင်းက ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။ ဩစတြေးလျနိုင်ငံ၏ သမိုင်းတစ်လျှောက် ကြုံတွေ့ဖူးသမျှ အင်အားပြင်းထန်ဆုံး ဆိုင်ကလုန်းမုန်တိုင်းများထဲတွင် ဆိုင်ကလုန်းယာဆီလည်း ပါဝင်သည်။

ဆိုင်ကလုန်းယာဆီ၏ မုန်တိုင်းဗဟိုချက်၌ လေတိုက်ခတ်နှုန်းသည် တစ်နာရီလျှင် ၁၈၆မိုင်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ဆိုင်ကလုန်းယာဆီကို အင်အားအဆင့် (၅) ရှိသော မုန်တိုင်းအဖြစ် သတ်မှတ်ထားပြီး ယင်းမုန်တိုင်း၏ အဖျက်စွမ်းအားသည် အမေရိကန်ပြည်ထောင်စု နယူးအော်လင်းပြည်နယ်၌ ၂၀၀၅ခုနှစ်က တိုက်ခတ်ခဲ့သည့် ကတ်ထရီနာမုန်တိုင်းနှင့် နှိုင်းယှဉ်၍ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၈၉၅ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၆၁၄၀ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၈၉၅ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၁၄၀ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဖေဖော်ဝါရီ ၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၆၁၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၈၇၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၁၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၈၇၄ ဦး

အင်တာနက်။

ကိုလံဘီယာ၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ မိုင်းလုပ်သား ငါးဦးထက်မနည်းသေဆုံး

ဘိုဂိုတာ ဖေဖော်ဝါရီ ၂

ကိုလံဘီယာနိုင်ငံတွင်းရှိ ကျောက်မီးသွေးတွင်းများ၊ သတ္တုတွင်းများ၌ ပေါက်ကွဲမှုဖြစ်ရပ်များမကြာခဏဖြစ်ပွားလေ့ရှိသဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန် အစိုးရက သတိပေးခဲ့ပြီးနောက် မကြာမီရက်ပိုင်းအတွင်း ကျောက်မီးသွေးတွင်းတစ်တွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်း သေဆုံးခဲ့ရသည်။

ယင်းကျောက်မီးသွေးတွင်းသည် ကန်ဒီနာမာကာပြည်နယ် အလယ်ပိုင်းရှိ လာအက်စ်ကွန်ဒီဒါဒေသ၌ရှိသည်ဟု ရိုက်တာ သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။ မီသိန်းဓာတ်ငွေ့များကြောင့် ကျောက်မီးသွေးတွင်း ပေါက်ကွဲခဲ့ရခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ယခု ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုနှင့် အလားတူပေါက်ကွဲမှုတစ်ရပ် ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြီးခဲ့သည့် ရက်များအတွင်း ဖြစ်ပွားခဲ့ရာ မိုင်းအလုပ်သမား ၂၁ ဦး သေဆုံးခဲ့ရသည်။

လွန်ခဲ့သောနှစ်က မိုင်းတွင်း မတော်တဆမှုများကြောင့် ကိုလံဘီယာနိုင်ငံရှိသတ္တုတွင်း ၈၀ကျော်၌ အလုပ်သမား ၁၇၃ဦး သေဆုံးခဲ့ရသည်။

ကိုလံဘီယာ၏ ကျောက်မီးသွေးထွက်ရှိမှုသည် အင်ဒိုနီးရှား၊ ဩစတြေးလျ၊ ရုရှားနှင့် တောင်အာဖရိကပြီးလျှင် ပဉ္စမမြောက်အများဆုံးနိုင်ငံဖြစ်ပြီးလွန်ခဲ့သောနှစ်ကတန်ချိန်၇၅မီလီယံတန် ထွက်ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ဂျကာတာ ဖေဖော်ဝါရီ ၂

အင်ဒိုနီးရှားနိုင်ငံ ဂျမ်ဘီပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျက်ရှိကြောင်း၊ ကာရင်ဆီဒေသတွင် ရောဂါမပြန့်ပွားရေးအတွက် ကြက်ကောင်ရေ ထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ရကြောင်း ကွမ်ပတ်အွန်လိုင်းသတင်းက ဖေဖော်ဝါရီ ၁ရက်တွင် ရေးသားဖော်ပြသည်။

ကြက်၄၁၆၄ကောင်ထက်မနည်းကို ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုမရှိစေရေးအတွက် သုတ်သင်သတ်ဖြတ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရောဂါကူးစက်မှုမှ တားဆီးကာကွယ်နိုင်ရန် အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း တိရစ္ဆာန်ကျန်းမာရေးဌာန အကြီးအကဲဖြစ်သူ အာရီယန်ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂

International Tennis Federation(ITF) ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) ဗိုလ်လုပွဲများကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပပြီးစီးသွားသည်။

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ (1st Tournament) ပြိုင်ပွဲနှင့် ဒုတိယပြိုင်ပွဲ (2nd Tournament) ပြိုင်ပွဲများဆုချီးမြှင့်ပွဲအခမ်းအနား (Prize Awarding Ceremony & Farewell Dinner) ကို ည ၇ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပထမပြိုင်ပွဲ (1st Tournament) တွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၌ ဒုတိယ DE SILVA KAVINDIYA နှင့် WADUGE NETHMIE(SRI) အတွဲ၊ ပထမ နီလာဝင်း(မြန်မာ)နှင့် AL-OLFISHAEMA(YEM) အတွဲတို့အား လည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ဒုတိယ အာကာကျော်နှင့် ဝင်းနိုင်ဦး(မြန်မာ)အတွဲ၊ ပထမ ALLAF KAREEM နှင့် AZHARI MOHAMMED (SYR) အတွဲတို့အား လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် တတိယ MOLLOGODA THISURI (SRI)၊ ဒုတိယ ANG GERALDINE(SIN) နှင့် ပထမ နီလာဝင်း(မြန်မာ)တို့အား လည်းကောင်း၊ အမျိုးသား တစ်ဦးချင်း ပြိုင်ပွဲတွင် တတိယ HOSSAIN DELOWAR (BAN)၊ ဒုတိယ ONG ISAAC(SIN) နှင့် ပထမ AL-ANSI GHASSAN(YEM) တို့အား လည်းကောင်း တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2nd Tournament) အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယ DELIZAVERNNE KAUR (MAS)၊ QURESHI IMAN (PAK) အတွဲနှင့် ပထမနီလာဝင်း(မြန်မာ)၊ AL- OLFI SHAEAMA (YEM) အတွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယ ALLAF KAREEM၊ AZHARI MOHAMMAD (SYR) အတွဲနှင့် ပထမ AL-ANSI GHASSAN၊ THABIT SAMER(YEM) အတွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် တတိယ SYAZLIN YUSRI YUS (MAS)၊ ဒုတိယ ANG GERADINE(SIN) နှင့် ပထမ နီလာဝင်း(မြန်မာ)တို့အား တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် တတိယ ONG ISAAC(SIN)၊ ဒုတိယ HOSSAIN DELOWAR (BAN) နှင့် ပထမ AL-ANSI GHASSAN(YEM) တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံကိုယ်စားပြု လူငယ်တင်းနစ် အသင်းခေါင်းဆောင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက တင်းနစ်ပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် လူငယ်တင်းနစ်ပြိုင်ပွဲဝင်အသင်းများကိုယ်စား ပါကစ္စတန်လူငယ်အသင်းခေါင်းဆောင် Mr. Inan Ul Haq နှင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF) ကိုယ်စားလှယ် Mrs. Farah Dayoub (SYR) တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမရရှိသွားသော AL-ANSI GHASSAN(YEM) အား ဆုချီးမြှင့်စဉ်။ (တင်းနစ်အဖွဲ့ချုပ်)

▼ **ကျောဖုံးမှ**

ဝိန်းရွှန်နေးက သွင်းယူခဲ့ပြီး ၄၅ မိနစ်တွင် ဝိန်းရွှန်နေးကပင် ဒုတိယဂိုးနှင့် ၆၃ မိနစ်တွင် ဗီဒစ်က တတိယဂိုး သွင်းယူခဲ့သည်။ ဗီလာအတွက် တစ်လုံးတည်းသော ဂိုးကို ၅၈ မိနစ်တွင် ဒါရင်ဘန့်က သွင်းယူခဲ့သည်။

အာဆင်နယ် ၂-၁ အဲဗာတန်

အိမ်ရှင်အာဆင်နယ်အသင်းသည် ဖာဘရီဂက်စ်၊ ဝေါလ်ကော့၊ ဆောင်း၊ ဝီရှိုင်းယား၊ ဗန်ပါစီတို့ဖြင့် လူစုံခဲ့သော်လည်း အဲဗာတန်ကို နောက်မှလိုက်ကစားခဲ့ရသည်။ ပထမပိုင်း ၂၄ မိနစ်တွင် ဆာဟာက အဲဗာတန်အတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။ သို့သော် ဒုတိယပိုင်း မိနစ် ၇၀ တွင် အာရှာဗင်နှင့် ၇၅ မိနစ်တွင် ကိုဆယ်နီတို့က အာဆင်နယ်အတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို သွင်းယူခဲ့သည်။

ဆန်းဒါးလန်း ၂-၄ ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းသည် စိတ်ဓာတ်ကောင်းကောင်းဖြင့် နိုင်ပွဲများပြန်လည်ရရှိရေး ကြိုးစားလာခဲ့ခြင်းကြောင့် ဆန်းဒါးလန်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအတွက် ဂိုးများကို ၁၅ မိနစ်တွင် လမ်းပတ် (ပယ်နယ်တီ)၊ ၂၃ မိနစ်တွင် ကာလူး၊ မိနစ် ၆၀ တွင် ဂျွန်တယ်ရီနှင့် နာကျင်အချိန်ပို ၃ မိနစ်တွင် အနယ်လ်ကာတို့က သွင်းယူခဲ့သည်။ ဆန်းဒါးလန်းအတွက် ဂိုးများကို ပထမပိုင်းပွဲအစ ၄ မိနစ်တွင် ဘာဒက်စ်လေ၊ ၂၆ မိနစ်တွင် ရစ်ချက်ဆင်တို့က သွင်းယူခဲ့သည်။

ဝက်စ်ဘရွန်းနှင့် ဝီဂန်တို့ပွဲမှာမူ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

အင်တာနက်။

အလက(၂) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ယခင် အမက(၃၅) ယခု အလက(၂) မြောက်ဥက္ကလာပတွင် ၁၉၈၀-၁၉၉၃ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အလက(၂) မြောက်ဥက္ကလာ ဖုန်း - ၇၃၀၁၈၈၄၂ နှင့် ဆရာမကြီး ဒေါ်ခင်မြစိုး ဖုန်း-၇၃၀၁ ၈၄၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

တောင်ငူ၊ ဒလနှင့် သဲကုန်းမြို့တို့၌ မီးလောင်မှုများဖြစ်ပွား

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးမှုများ

ဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနက နှိုးဆော်ထား

နေပြည်တော် ဖေဖော်ဝါရီ ၂

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက် စကားစနေလမ်းရှိ နေအိမ်တစ်အိမ်၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် ကလေးငယ်တစ်ဦး ဖယောင်းတိုင်မီးထွန်းကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင်အမျိုးသမီးတစ်ဦး မျက်နှာနှင့် လက်နှစ်ဖက်တို့တွင် မီးဟပ်သည့် ဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလသင်္ဘောကျင်းဝင်းအတွင်း လွန်းတင်လွန်းချ အလုပ်သမားများနားနေဆောင်ရှိ အဆောက်အအုံတစ်လုံး၌ ဇန်နဝါရီ ၂၇ ရက် ည ၇ နာရီ ၃၅ မိနစ်ခန့်တွင် လျှပ်စစ်ဝါယာရှော့မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လွန်းကျင်းရှိ ပစ္စည်းအဟောင်းအချို့ မီးလောင်ကျွမ်းခဲ့ကြောင်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လမ်းမတော်လမ်းရှိ ဆိုင်ကယ်ပြင်ဆိုင်နောက်ဖေးတွင် စုပုံထားသော ဆိုင်ကယ်စွန့်ပစ်ပစ္စည်း (တာယာ၊ ကျွတ်) အဟောင်းပုံမှ ဇန်နဝါရီ ၂၈ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်ကျွမ်းခဲ့သဖြင့် အဆောက်အအုံဟောင်း တစ်လုံး၊ လက်ဖက်ရည်ဆိုင် နှစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးတားများပြုလုပ်ခြင်း၊ လျှပ်စစ်ဝါယာကြိုးများ စစ်ဆေးခြင်း၊ မီးကြွင်းမီးကျန်များမထားရှိခြင်း၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံးနှင့် ရေကန်များ အသင့်ပြုလုပ်ထားခြင်း စသဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ မမေ့မလျော့၊ မပေါ့မဆ ဆောင်ရွက်ထားကြရန် မီးသတ်ဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အရှိန်မထိန်းနိုင်သည့်ဆိုင်ကယ် ရပ်ထားသည့်ကားကို ဝင်တိုက် ဆိုင်ကယ်မောင်းသူသေဆုံးပြီး နောက်မှလိုက်လာသူဒဏ်ရာရ

မြို့လှ ဖေဖော်ဝါရီ ၂

နံနက်လင်းအားကြီးအချိန် မောင်းနှင်လာသည့် ဆိုင်ကယ်က ကားလမ်းဘေးတွင် ညအိပ်ရန်ရပ်နားထားသော ယာဉ်အား အရှိန်ဖြင့် ဝင်တိုက်မိရာက ဆိုင်ကယ်မောင်းနှင်သူ သေဆုံး၍ နောက်မှစီးနင်းသူ ပြင်းထန်စွာဒဏ်ရာ ရရှိသွားသောဖြစ်ရပ်တစ်ခု ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၄ နာရီ ၁၀ မိနစ်တွင် ဖြစ်ပွားခဲ့သည်။

ရေနီမြို့ တောင်ပိုင်းရပ်ကွက်နေ အောင်မိုးမြင့် (၂၃)နှစ် မောင်းနှင်ပြီး နောက်မှ ဆန်ဂျေး(ခ) နေဇော်အောင် (၂၅)နှစ် ရေနီမြို့နေသူ စီးနင်းလိုက်ပါလာသော KENBO 110 Dream (ပခ/ . . .) ဆိုင်ကယ်သည် ရန်ကုန်-မန္တလေး (ပုံမှန်) ကားလမ်းအတိုင်း တောင်မှ မြောက်ဘက်သို့ အရှိန်ပြင်းစွာ မောင်းလာစဉ် မိုင်တိုင်အမှတ်(၂၁၁/၃) အနီး လမ်းအကွေ့အရောက် အရှိန်မထိန်းနိုင်တော့ဘဲ ကားလမ်းအနောက်ဘက် ၁၅ ပေခန့်အကွာ၌ ညအိပ် ရပ်နားထားသည့် HINO. TE (ဆ/. . .)ကား၏ နောက်ဘီး ဝဲဘက်မတ်ကတ်ကို ဝင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ အောင်မိုးမြင့်တွင် မျက်ခုံးအောက်၊ ဝဲမျက်လုံးအောက်၊ ဝဲမေးစေ့၊ ဝဲလက်မောင်းကျိုး၊ ယာဘက်နား သွေးထွက်ဒဏ်ရာများ၊ နောက်မှစီးနင်းသူ ဆန်ဂျေး (ခ) နေဇော်အောင်၌ ဦးခေါင်းနောက်ပေါက်ပြဲဒဏ်ရာ၊ ယာနား သွေးထွက်ဒဏ်ရာများ ရရှိသဖြင့် မြို့လှရဲစခန်းက လာရောက်စစ်ဆေးပြီး ဒဏ်ရာရရှိသူ နှစ်ဦးကို မြို့လှတိုက်နယ်ဆေးရုံသို့ တင်ပို့ပေးခဲ့ရာ အခင်းဖြစ်သည့်နေ့မှာပင် အောင်မိုးမြင့်သည် ရရှိသောဒဏ်ရာများကြောင့် သေဆုံးသွားကာ အခြားတစ်ဦးမှာလည်း သတိလစ်မေ့မြောနေဆဲဟု သိရသည်။

အမှုနှင့်ပတ်သက်၍ မြို့လှရဲစခန်းက (ပ)၅/၂၀၁၁ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်၍ စခန်းမှူး ရဲအုပ် အေးဆွေက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုဒိုင်း အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

(၅၆)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ပြည်ထောင်စုဒိုင်း အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို မကွေးတိုင်းဒေသကြီး အားကစားကွင်းနှင့် မကွေးခရိုင်အားကစားကွင်းတို့၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီး အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မကွေးခရိုင်အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

CONCORDIA Int'l Co., Ltd. မှ LIFE STYLES Expo -2011 တွင် ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

CONCORDIA Int'l Co., Ltd. မှ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည့် LIFE STYLES Expo - 2011 ပြပွဲတွင် ဝင်ရောက်ပြသရောင်းချမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် CONCORDIA Int'l Co., Ltd. က တင်သွင်းဖြန့်ချိသော Fuji Xerox အမှတ်တံဆိပ် ကာလာ လေဆာပရင်တာများ၊ အဖြူအမည်း လေဆာပရင်တာများ၊ ကာလာမိတ္တူကူးစက်များ၊ Toner Cartridge များနှင့် ဆက်စပ်ပစ္စည်းများ၊ ဂျပန်နိုင်ငံထုတ် Topcon အမှတ်တံဆိပ် မြေတိုင်းပစ္စည်းများ၊ GARMIN အမှတ်တံဆိပ် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းသုံး GPS များကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

CONCORDIA Int'l Co., Ltd. မှ Fuji Xerox ကာလာလေဆာပရင်တာနှင့် မိတ္တူကူးစက်များ သုံးစွဲသူနှင့် ဝယ်ယူရန် ပြင်ဆင်နေသူများ၊ DTP ဆိုင်များ၊ ကာလာဖြင့် Presentation ပြုလုပ်ချင်သူများ၊ Offset အစားထိုး သုံးစွဲရန် ပြင်ဆင်နေသူများ၊ ရုံးလုပ်ငန်းအတွက် ကာလာစာရွက်ဖြင့် အသုံးပြုချင်သူများအတွက် ကျွမ်းကျင်ဝန်ထမ်းများက နည်းပညာနှင့် ပတ်သက်သော ကာလာသီအိုရီအကြောင်း ရှင်းလင်းတင်ပြခြင်း၊ အသုံးပြုပုံကို လက်တွေ့ပြသခြင်း၊ တစ်မျက်နှာကုန်ကျစရိတ်ကို အသေးစိတ်တွက်ချက် ရှင်းလင်းပြသသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် ပွဲတော်ကာလအတွင်း ဝယ်ယူအားပေးသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Personal သုံး အဖြူအမည်း လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ ကာလာမိတ္တူကူးစက်များနှင့် ၎င်းတို့နှင့် ဆက်စပ်ပစ္စည်းများအား ၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးသွားမည့်အပြင် Color Laser Printer ၏ Toner Cartridge များကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း ဝယ်ယူလိုပါက CONCORDIA Int'l Co., Ltd. ရန်ကုန် (၃)လွှာနှင့်(၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ Fax-(၉၅၁) ၅၄၄၁၉၉၊ မန္တလေး အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၃၆၄၇၈၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ နှင့် ၀၆၇-၄၂၀၈၁၉ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလက(၁) သယ်န်းကျွန်း ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၈ ရက်က ကျင်းပရာ ပထမတန်းမှ စတုတ္ထတန်းထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မငုသဥ္ဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဇန်နဝါရီ ၁ ရက်က အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင် ပညာရေးဝန်ထမ်းများ Intensive Course Computer Applications သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၅)မြို့ပြ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅ခုနှစ် မြို့ပြအင်ဂျင်နီယာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၁၉ရက် (စနေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ ရွှေဘဲစားသောက်ဆိုင်(ကန်တော်မင်) ပုဂံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးအောင်ဝင်း ဖုန်း-၀၆၇-၄၁၀၀၉၉၊ ၀၉-၈၃၀၁၉၃၄၊ ဦးကျော်ဝင်း-ဖုန်း-၀၆၇-၄၀၇၅၈၁၊ ၀၉-၅၀၀၆၆၀၊ ဒေါ်ငွေငွေဝင်း ဖုန်း-၅၃၇၈၄၃၊၀၉-၅၃၀၁၈၂၄၊ ဒေါ်ခင်မာဝေ ဖုန်း- ၅၂၇၁၅၆၊ ၀၉-၅၀၇၆၁၄၇၊ ဦးခင်လတ် ဖုန်း-၂၅၃၂၀၄၊ ၀၉-၈၇၀၂၀၂၈၊ ဦးသန်း ဖုန်း-၅၂၄၆၂၉၊ ၀၉-၅၀၄၈၆၄၂၊ ဦးတင့်လွင် ဖုန်း-၀၉-၈၅၈၆၁၂၇၊ ၀၉-၅၄၁၄၉၀၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြကန်သာပန်းဥယျာဉ် သာယာလှပရေးဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၂-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇဗ္ဗသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အိပ်မက်ပမာဝိညာဏက္ခန္ဓာ အကြောင်းရှင်းပြပုံခန္ဓာညဏ် ရောက် ဒိဋ္ဌိဖြုတ်"တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆း၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂီရောင်မြင်ကွင်းများ
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၂၀)**
၈း၃၅ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-4)
၉း၁၀ Activities In The City ("ပ"သုံးလုံးဝိပဿနာအဖွဲ့ချုပ်၏ ရဟန်းတော်များ(ဆရာဖြစ်) သင်တန်းဆင်းပွဲ)
၉း၂၀ UPCရဲ့စေတနာ ဖိုးချစ်နဲ့ ဖျော်ဖြေမှာ
၉း၃၅ Science For All (လျှပ်စစ်အန္တရာယ်ကင်းဝေး ကြစေဖို့ (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၀း၀၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (မြန်မာ့ရေထွက်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်)
၁၀း၂၅ Activities In The City (ptt Lubricants၏Dealer ဆိုင်ကြီးများအားကျေးဇူးတင် ဂုဏ်ပြုပွဲအခမ်းအနား
၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀ ၁၉၈၃-၁၉၉၃ပညာသင်နှစ် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားကျောင်းသူဟောင်း များ၏ ပထမအကြိမ်အာစရိယ ပူဇော်ပွဲ
၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် (ပါမောက္ခခင်မောင်ဝင်း၏မွေးနေ့ မိခင်ကြီးဒေါ်ခင်ခင်အမှတ်တရ စာပေဟောပြောပွဲပထမအကြိမ်နှင့် သက်ကြီးရွယ်အိုစာရေးဆရာများ ဆေးကုသရန်ပံ့ငွေထူထောင်ပွဲ)
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀ မဟာသဒ္ဓမ္မဇောတိကဓဇ (ဘဒ္ဒန္တသူရိယ)၏ဝိဇာတမင်္ဂလာနှင့် ပရဟိတရှင်ပြုအလှူတော်မင်္ဂလာ
၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (My Dream Home Interior Design & Deco'Fair2011)
၁၂း၃၅ မဟာသဒ္ဓမ္မရံသီရွှေစေတီတော် မြတ်ကြီးဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆီမီးကိုးထောင်ပန်းကိုးထောင် လှူဒါန်းပွဲ
၁၂း၄၅ Activties In The City (Myanmar Big Shops Shopping Centre ဖွင့်ပွဲ
၁း၀၀ "အိပ်မက်ပမာဝိညာဏက္ခန္ဓာ အကြောင်းရှင်းပြပုံခန္ဓာညဏ် ရောက်ဒိဋ္ဌိဖြုတ်"တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၁း၄၅ အံ့ဖွယ်ထူးခြားလောကမဟာမုနိ ဆုတောင်းပြည့်နှီးဘုရား
၂း၀၀ MRTV-4 သတင်း
၂း၂၀ Style ရှိမှ Star ဖြစ်မယ်
၃း၁၀ ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၀)**
၄း၅၀ ရတနာချစ်သူများအတွက်. . . . New Star
၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီများရှင် ဝါဝါဝင်းရွှေ၏ ဓာတ်ပုံထဲမှအမှတ်တရများ) (အပိုင်း-၂)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ ကြည်လင်သောရေ၏လျို့ဝှက်ချက်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄)**
၇း၂၀ လပြည့်ဝန်းသို့တမ်းချင်းည Live Show(Part-5)
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း (ငွေနောက်လိုက်တာကောင်းတယ်၊ ငွေနောက်မလိုက်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၂၁)**
၁၀း၁၀ အားကစားမြင်ကွင်းစုံ (လူမင်း၊ ဖြိုးငွေစိုး၊ ဝေမင်းမောင်)
၁၀း၄၀ ဂါရဝဖြင့်ဦးညွှတ်ချီဆရာများ၏ ကျေးဇူးဂုဏ်ရည် [အထက(၂)သာကေတ မြတ်ဆရာပူဇော်ပွဲ]
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ ယွန်းဆိုသည်မှာ. . . (အပိုင်း-၁)
၁၁း၃၅ ဂီတသရုပ်ပြခန်း (စောသက်ရဲ့စိတ်နဲ့အနီးဆုံး)
၁၁း၅၀ သီးနှံစိုက်ပျိုးအထွက်တိုး စပါးပေါင်းပင်
၁၁း၅၅ နတ်လူသာဓုခေါ်စေသောဝ (ခေတ်သစ်၊ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ- သော်ကိုကိုကျော်)
၁၂း၂၀ သင်ယူလေ့လာဂီတပညာ (Part-8)(pedal အသုံးပြုပုံ)
၁၂း၂၅ စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
၁၂း၃၅ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
၁၂း၅၀ အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏ အလွဲများ)
၁း၁၅ ကော့ကရိတ်မြို့မှစက္ကူဒါနအောင်ပွဲ
၁း၃၅ နုပျိုလန်းဆန်းကျန်းမာဖို့ SG2000 Ultrasonic Bubble Massage Bath
၂း၀၀ ဈေးဝယ်လမ်းညွှန် (Than Lwin Homemart)
၂း၃၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
၂း၅၀ မြန်မာ့ရွှေချည်ထိုးပညာ
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ စနစ်တကျစိုက်ပျိုးသစ်ခွအမျိုးမျိုး
၄း၂၀ ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၄း၃၀ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၄း၄၅ စိန်ဘုရားများသီတင်းသုံးရာပဒုမ္မာ
၅း၀၀ အစီအစဉ်ပြီး။

ဖျာပုံမြို့ (၅)လမ်း မူလတန်းကျောင်း မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ ဖေဖော်ဝါရီ ၂

ဖျာပုံမြို့ (၅)လမ်း အမှတ်(၇)တောင်ပိုင်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အငြိမ်းစားသက်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် တောင်ပိုင်း အမက ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖျာပုံမြို့တွင် ဆရာမဒေါ်ခင်မာစော ဖုန်း-၀၄၅-၄၁၀၁၇၊ ဆရာဦးသိန်းထွန်း တောင်ပိုင်းကျောင်း၊ ကိုကျော်နိုင်လင်း ဖုန်း-၀၉-၈၅၀၂၃၇၄နှင့် ကိုသန့်ဇင် ဖုန်း-၀၄၅-၄၁၄၁၈၊ ၀၄၅-၄၀၁၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၆၈)

STI မှ အောင်လက်မှတ်ပေးအပ်ပွဲနှင့် ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

STI Education သည် နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်များ၊ ဒီပလိုမာ၊ အဆင့်မြင့်ဒီပလိုမာများနှင့် လုပ်ငန်းခွင်အရာရှိအဆင့် ဒီပလိုမာ သင်တန်းများကို ဘာသာရပ်နယ်ပယ် အသီးသီးဖြင့် သင်ကြားပေးလျက်ရှိသည်။ ယခုအခါ အင်္ဂလန်နိုင်ငံအခြေစိုက် London Teacher Training College (LTTC)မှ အင်္ဂလိပ်ဘာသာဆရာဖြစ် ဒီပလိုမာနှင့်အောင်လက်မှတ်သင်တန်းများ၊ Association of Managers and Administrator (AMA)နှင့် စင်ကာပူနိုင်ငံအခြေစိုက် Queensfield Business School (QBS) ၊ ဩစတြေးလျနိုင်ငံအသိအမှတ်ပြု အောင်လက်မှတ်များဖြစ်သည့် စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်းများ၊ ကုန်စည်စီးဆင်းမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ ဒီပလိုမာသင်တန်းများ၊ သတင်းအချက်အလက်နှင့် စီးပွားရေးဆိုင်ရာ ဒီပလိုမာသင်တန်းများနှင့် အခြားအောင်လက်မှတ်များကိုအောင်မြင်ပြီးမြောက်သူများအား အောင်လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀ နာရီမှ ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ အောင်လက်မှတ်ရယူမည့်သူများအား အသီးသီးဖိတ်ကြားထားကြောင်းနှင့် ဖိတ်စာမရရှိသေးသူများသည် STI နှင့်ဆက်သွယ်ရန် ပန်ကြားထားကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားတွင် STI ကျောင်းသားများ၏ အင်္ဂလိပ်စာစွမ်းရည်ကို ပြသမည့် Quizz များ၊ သီချင်း သီဆိုခြင်းများပါဝင်မည့်အပြင် ကျောင်းဆင်းသင်တန်းသား၊ သင်တန်းသူများက ၎င်းတို့၏ အတွေ့အကြုံနှင့် အောင်မြင်မှုများကို ရင်းရင်းနှီးနှီး ဆွေးနွေးတင်ပြကြမည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသားဟောင်းများက မိမိတို့၏ hands- on -experiences များကို လက်တွေ့ ရှင်းပြမည်ဖြစ်သည့်အတွက် တက်ရောက်လာသူများက သိရှိလိုသည်များကို လွတ်လပ်စွာ မိမိတို့ကျေနပ်လောက်သည့်အဆင့်အထိ အသေးစိတ်မေးမြန်းဆွေးနွေးနိုင်တော့မည်ဖြစ်သည်။

ယင်းနေ့တွင် ဆွေးနွေးမည့် ဘာသာရပ်များမှာ Diploma in Logistics Management, Diploma in Supply Chain Management, Diploma in Business Management, Diploma in Business Information Systems, Diploma in TESOL, Certificate in TEFL, Certificate in TEYLT, Certificate in English Communication Skills, Certificate in English to Go, Adobe Certified Expert တို့ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက STI Education တည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း ဖုန်း-၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆နှင့် ၇၀၀၂၇၃တို့တွင် ကြိုတင်စာရင်းပေးဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဇန်နဝါရီ ၁၅ ရက်က မြောက်ဥက္ကလာပမြို့နယ် အမက(၅)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ပထမဆုရရှိသော မဝင်းလက်ကျော်အား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (ပညာရေး)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ချောင်းစလန်း(၁၅)မိုင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ညွှန်ကြားချက် ၂၅ ချက်အပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဈေးသန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စမ်းချောင်းမြို့နယ် အမှတ် (၁၆) အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ကျင်းပရာ ပထမတန်းမှ အင်္ဂလိပ်စာထူးချွန်ဆုရ မယွန်းဝတီစိန်ဝင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင် သာသနာပိုင်ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၂

နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးတော်မူသော သက်တော် (၉၀)၊ သိက္ခာတော် (၇၀)ရှိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ ဆရာတော်ကြီးသည် (၁၃၇၂ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်) ဖေဖော်ဝါရီ ၁ ရက် (အင်္ဂါနေ့) ည ၈ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ၎င်းတို့၏ ဌာန၊ လုပ်ငန်း၊ စက်ရုံနှင့် စက်မှုသင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က ဆောင်ရွက်ချက်များနှင့် အကောင်အထည်ဖော်မည့် စီမံကိန်းများအပေါ် သုံးသပ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဝန်ကြီး ဦးစိုးသိန်းက ထုတ်လုပ်သည့်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရောင်းချရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ စက်များ၏ စွမ်းဆောင်ရည် မြင့်မားရေး၊ သုတေသနနှင့် တီထွင်စမ်းသပ်မှုများပြုလုပ်ရေး၊ စွမ်းအင်ချွေတာသုံးစွဲရေး၊ ဈေးကွက်၏ တုံ့ပြန်ချက်အပေါ် အလေးထားပြုပြင်ရေး၊ ခေတ်မီစက်မှုနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရေးတို့အား ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညှိနှိုင်းစည်းဝေး

အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အထက(၃) မုံရွာ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ကျောင်းအုပ်ကြီး (အထက-၃၊ မုံရွာ) ဖုန်း-၀၇၁-၂၁၁၇၆၊ ကိုဆန်းဝင်းမိုး (KSMမိတ္တူ) ဖုန်း-၀၇၁-၂၄၁၃၁၊ ဦးနေဝင်း (ဇောတိကဆေးလိပ်) ဖုန်း-၀၇၁-၂၁၅၂၅၊ ဒေါ်ခင်ချိုထွေး (စိန်မိတ္တူ) ဖုန်း-၀၉-၂၁၃၃၁၄၈၊ ဒေါ်မော်သန္တာခိုင် ဖုန်း-၀၇၁-၂၂၃၃၆၊ ဦးမောင်မောင် (ရွှေအုန်းသီး)ဖုန်း-၀၇၁-၂၁၄၅၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၂၀၁၀၂၂၃၊ ဒေါ်အေးအေးဝင်း(ရေနံ)ဖုန်း-၀၉-၅၁၁၀၆၀၉ နှင့် ဒေါ်သီဂီ ဖုန်း-၀၇၁-၂၃၉၃၃၊ ၀၉-၂၁၃၂၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့ပြလမ်းတံတားများ ပြုပြင်ထိန်းသိမ်းမှု၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများဆယ်ယူခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။

(ကြေးမုံ)

ရွှေပင်ငွေပင် ဦးသန်းထွန်း၏ မြန်မာ့လက်မှု အနုပညာပြခန်း LIFE STYLES Expo -2011 ပြပွဲတွင် ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ LIFE STYLES Expo - 2011 ပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂပြခန်းလည်း ပါဝင်ပြသမည်ဖြစ်သည်။

အဆိုပါပြခန်း၌ ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ အဆောက်အအုံများ၊ သာသနာ့ဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့် သစ်ထွင်းခန်းဆီးလိုက်ကာနှင့် လှမျိုးစုံ ပန်းပု၊ ပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်ကြီးများ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များကို ယခင်ပြပွဲများနှင့်မတူ ရွှေပင်ငွေပင် ဦးသန်းထွန်းကုမ္ပဏီက တီထွင်ထုတ်လုပ် ပြသမည်ဖြစ်သည်။ ထို့အပြင် သစ်ထွင်းပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှစသည်ဖြင့် အနုပညာပုံသဏ္ဌာန်မျိုးစုံ ပါဝင်မည်ဖြစ်သည်။ သစ်ထွင်းပန်းချီကား၊ သစ်ထွင်းလိုက်ကာနှင့် သစ်သားခန်းဆီးတို့ကိုလည်း အနုပညာလက်ရာ ပြောင်မြောက်စွာဖြင့် ပြသမည်ဖြစ်သည်။ **(ယာပုံ)**

ထို့အပြင် ကျွန်းပရိဘောဂများဖြစ်သည့် ဘုရားကျောင်းဆောင်၊ ခုတင်၊ ဗီရို၊ မှန်တင်ခုံ၊ ထိုင်ခုံမျိုးစုံ၊ ကျွန်းဆက်တီ၊ တီဗွီတင်စင်၊ ရှိုးကေ့စ်မျိုးစုံ၊ သလွန်ထိုင်ခုံ၊ ကလေးထိုင်ခုံ၊ ဒူးကျန်းမာရေးအတွက် ခြေထောက်လွှဲ ထိုင်ခုံမျိုးစုံ၊ ထမင်းစားပွဲထိုင်ခုံနှင့် ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂများကို ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း (၅၃ လမ်းနှင့် ၅၄ လမ်းကြား) အမှတ်(၁၆၆) ဖုန်း-၀၁-၂၉၂၁၉၂၊ ၀၁-၇၀၃၈၀၃ နှင့် ၀၁-၃၉၉၈၈၄ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓနုတိုင်းရင်းသားရိုးရာ ဧည့်ခံပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

ဓနုတိုင်းရင်းသား မိသားစုအသင်း (ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) (ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ်ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသားဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ အခမ်းအနားသို့ အသင်းသားများနှင့် မိသားစုဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းနှင့် ဓနုရိုးရာ အစားအစာ ကောက်ညှင်းပေါင်း၊ အကြော်တို့ဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ၂၀၀၉ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ ကို(တက္ကသိုလ်) ရေးသားသည့် "တာရာသိင်္ဂီစာအုပ်"၊ အောင်သာဆန်း (သံတွဲ) ရေးသားသည့် "တေးသီငှက်၏မနက်ဖြန်" စာအုပ်၊ ခက်ဖော်ရေးသားသည့် "ပန်းသတင်းနှင့်သွန်းလေညင်းကဗျာစု" စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့ ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၈ ရက်က အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း အထက(ခွဲ)လှိုင်၏ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုအန္တရာယ် တားဆီးကာကွယ်ရေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းဦးမြင့် ဟောပြောစဉ်။

(၅၄၃)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးနိုင်က မြို့ဝင်မုခ်ဦးဆောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မုခ်ဦးကို ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် အလှူရှင်ဦးရုံးမူတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ရမည်းသင်းခရိုင် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရမည်းသင်း ဖေဖော်ဝါရီ ၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ရုံး စာကြည့်တိုက်နှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက စာစောင်မျိုးစုံ ၁၁၇ စောင်၊ မဂ္ဂဇင်း ၁၂ အုပ် လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိက လက်ခံရယူခဲ့ကြောင်း သိရသည်။

(၁၁၅)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် "Nano Energizer" ၏ ကူညီပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီ ၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "မြန်မာနိုင်ငံ၌ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများ ပြုစုမြှင့်တင်ရေး" "Promoting Social Businesses in Myanmar" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါ

ဗညားအောင်

မြန်မာ့နိုင်ငံရေးအကြောင်းပြောလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ချန်ထား၍မရပေ။ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်များကို ပြန်လည်သုံးသပ်လိုက်လျှင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ရရှိအောင် ကြိုးပမ်းမှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးထိုးလှုံ့ဆော်မှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပြိုကွဲရသည့်အတွက် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခများ၊ ထိုပဋိပက္ခများကြောင့် ပေါ်ပေါက်ခဲ့ရသည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပျက်ပြားခဲ့ရသည့်အဖြစ်များ စသည်တို့က နေရာအတော်များများ ယူထားသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် မျိုးချစ်ခေါင်းဆောင်များအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏



လိုအပ်ချက်ကို နားလည်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ သူ့ကျွန်ဘဝ ရောက်ပြီးသည်နှင့်တစ်ပြိုင်နက် ပေါ်ပေါက်လာခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကယား စသည့် တိုင်းရင်းသားခေါင်းဆောင်များသည် နီးစပ်ရာ ပူးပေါင်းပြီး နယ်ချဲ့ဗြိတိသျှတို့အား တွန်းလှန်တိုက်ခိုက်ခဲ့သည်ကို တွေ့နိုင်ပါသည်။ သို့သော် စုစည်းညီညွတ်သည့်ခေါင်းဆောင်မှု မရှိသည့်အတွက် နယ်ချဲ့ဗြိတိသျှတို့က တော်လှန်ရေးအင်အားစု တစ်ခုချင်းကို အလွယ်တကူ ဖြိုခွင်းနိုင်ခဲ့ပေသည်။ မြန်မာ့တော်လှန်ရေး အင်အားစုများကို နှိမ်နင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင်မူ နယ်ချဲ့ဗြိတိသျှတို့အနေဖြင့် ၎င်းတို့၏အုပ်ချုပ်မှုကို ခုခံတွန်းလှန်မည့် တော်လှန်ရေး အင်အားစုကြီးတစ်ရပ် ပေါ်ထွက်မလာစေရန်အတွက် မြန်မာနိုင်ငံ အုပ်ချုပ်ရေးစနစ်ကို အစီအစဉ်ရှိရှိ ချမှတ်လုပ်ဆောင်ခဲ့သည်။

တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးဆုံးပြီးနောက် အထက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တို့ အုပ်ချုပ်မှုအောက်သို့ သွတ်သွင်းခဲ့ချိန်တွင် အောက်မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်ချုပ်မှုစနစ်မှာ အခြေကျနေပြီဖြစ်သည်။ ထို့ကြောင့် အောက်မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေးစနစ်ကို အထက်မြန်မာနိုင်ငံသို့ တိုးချဲ့ရန်သာ ရှိတော့သည်။ သို့သော် ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်သည့်လှုပ်ရှားမှုများ နောက်ထပ်မပေါ်ပေါက်စေရေးအတွက် တားဆီးရန် ဆုံးဖြတ်ထားသော နယ်ချဲ့တို့က ၁၈၈၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်ကို ချန်လှပ်ပြီး ကျန် အထက်မြန်မာနိုင်ငံနယ်မြေများကို ဇယားဝင်စီရင်စုနယ် (Scheduled District)အဖြစ် သတ်မှတ်ခဲ့သည်။ နောက်ပိုင်းတွင်မူ ၁၈၉၅ ခုနှစ်တွင် ကချင်တောင်တန်းလူမျိုးများ ဥပဒေ၊ ၁၈၉၆ ချင်းတောင်တန်းလူမျိုးများဥပဒေတို့ကို ထပ်မံပြဋ္ဌာန်းပြီး ကချင်လူမျိုးနှင့် ချင်းလူမျိုးများကို သီးခြား ခွဲခြားအုပ်ချုပ်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းဒေသများကို ခွဲခြားအုပ်ချုပ်ခဲ့မှုကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန်အထိ ဆက်လက်ကျင့်သုံးခဲ့သောကြောင့် ၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးချိန်တွင် လည်းကောင်း၊ ၁၉၃၅ ခုနှစ် ၉၁ ဌာန အုပ်ချုပ်ရေးကို ပြောင်းလဲကျင့်သုံးချိန်တွင် လည်းကောင်း ရှမ်း၊ ကချင်၊ ချင်းလူမျိုးများ နေထိုင်ရာဒေသများကို မြန်မာပြည်အုပ်ချုပ်ရေးအတွင်းမှခွဲထုတ်ကာ အပိုင်း ၁ နှင့် အပိုင်း ၂ နယ်မြေများအဖြစ်သတ်မှတ်ပြီး ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့သည်။ သို့သော် တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုးကြား အုပ်ချုပ်ရေးစနစ်ကို သီးခြားစီ ခွဲခြားသတ်မှတ်ထားခဲ့သည့်အတွက် တောင်တန်းဒေသများတွင်ပင်လျှင် အုပ်ချုပ်ရေးစနစ် အမျိုးမျိုးကွဲပြားနေခဲ့သည်။

ဤကဲ့သို့ တောင်တန်းဒေသများကို လူမျိုးရေး၊ နိုင်ငံရေးအရ ခွဲခြားအုပ်ချုပ်ထားခဲ့ခြင်းကြောင့် တောင်တန်းဒေသများသည် မြန်မာပြည်မအတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံရေးတိုးတက်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှုများနှင့် အဆက်ပြတ်နေခဲ့ရသည်။ ထို့ပြင် ဗြိတိသျှနယ်ချဲ့တို့သည် တိုင်းရင်းသားလူမျိုးစုများကို ခွဲခြားအုပ်ချုပ်ရုံသာမက ပြည်မတွင် ၎င်းတို့အလိုတော်ရိ အမျိုးသားခနေရှင်များကို အုပ်ချုပ်ရေး၊ နိုင်ငံရေးတွင် တာဝန်ပေးခြင်း၊ တောင်တန်းဒေသများတွင် စော်ဘွားများ၊ စော်ဖျားများ၊ ဒူးဝါးများကို သက်ဦးဆံပိုင်အာဏာများပေးအပ်ပြီး ၎င်းတို့ကိုယ်စား အုပ်ချုပ်ခွင့်ပြုခြင်းဖြင့် တိုင်းရင်းသားများအတွင်း လူတန်းစားကွဲပြားမှုများပေါ်ပေါက်ကာ စည်းလုံးညီညွတ်သည့် နိုင်ငံရေးအင်အားစုများ ပေါ်ပေါက်မလာအောင် လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာနိုင်ငံတွင် အမျိုးသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန်အတွက် အောက်ပါ သွေးခွဲအုပ်ချုပ်မှုနည်းလမ်းသုံးခုကို ကျင့်သုံးခဲ့သည်ဟု ဆိုရမည်ဖြစ်သည်-

(က) တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများကို ခွဲခြားအုပ်ချုပ်ခြင်းဖြင့် ပထဝီအနေအထားအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ခ) တိုင်းရင်းသားလူမျိုးစုများအတွင်း အုပ်ချုပ်ရေးစနစ်အမျိုးမျိုးကိုကျင့်သုံးပြီး အခွင့်အရေးများကို ခွဲခြားသတ်မှတ်ပေးခြင်းဖြင့် လူမျိုးရေးအရ သွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

(ဂ) အုပ်ချုပ်ရေးအရလွယ်ကူစေရန်အတွက် အလိုတော်ရိများကို အသုံးချခြင်းကြောင့် လူတန်းစားအရသွေးကွဲမှုကို ဖြစ်ပေါ်စေခြင်း။

ထိုကဲ့သို့ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၁၉၄၅ ခုနှစ်မတိုင်မီအထိ မြန်မာ့နိုင်ငံရေးတွင် တောင်တန်းဒေသများအနေနှင့် ပြည်မရှိ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိခဲ့သည့်အပြင် ပြည်မမှ နိုင်ငံရေးသမားများ တောင်တန်းဒေသများသို့ လာရောက်ခြင်းကိုပင် တားဆီးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်ကလည်း မြန်မာပြည်မအတွင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်ရေးအတွက် ရည်ရွယ်လှုပ်ရှားခဲ့သည့် နိုင်ငံရေးအဖွဲ့အစည်းများဖြစ်သည့် ဂျီစီဘီအေ၊ ဒို့ဗမာအစည်းအရုံး စသည်တို့မှာလည်း နယ်ချဲ့တို့၏သွေးခွဲမှု၊ မက်လုံးပေး သွေးဆောင်မှုများကြောင့် လေးဖွဲ့၊ နှစ်ဖွဲ့ စသည်ဖြင့် အကွဲကွဲအပြားပြား ဖြစ်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပေါ်ပေါက်လာချိန်တွင်မူ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် မျိုးချစ်နိုင်ငံရေးသမားများနှင့် တပ်မတော်ခေါင်းဆောင်များက မြန်မာ့နိုင်ငံရေးအင်အားစုများအတွင်း နိုင်ငံရေးအရ စုစည်းညီညွတ်မှုရရှိစေရန်အတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ကို တည်ထောင်ခဲ့သည်။

သို့သော် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ဖဆပလအဖွဲ့ကြီးက မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗြိတိသျှတို့နှင့် အရေးဆိုရာတွင် တောင်တန်းဒေသများအရေးကရှေ့တန်းရောက်လာသည်။ မြန်မာ့လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ဗြိတိန်နိုင်ငံသို့ သွားရောက်ချိန်တွင် ဗြိတိသျှတို့ဘက်က ရှမ်းစော်ဘွားများက ဗိုလ်ချုပ်တို့ ကိုယ်စားလှယ်အဖွဲ့သည် ၎င်းတို့ကို ကိုယ်စားမပြုကြောင်း အကြောင်းကြားခဲ့သည့်ကြေးနန်းစာကိုထောက်ပြီး တောင်တန်းဒေသများအနေဖြင့် ပြည်မနှင့်ပူးပေါင်းပြီး လွတ်လပ်ရေး ရယူလိုခြင်းရှိမရှိ အရင်စုံစမ်းသင့်သည်ဟု ဆွေးနွေးခဲ့သည်။ ထို့ကြောင့် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရာတွင် လွတ်လပ်ရေးရယူရာ၌ တောင်တန်းဒေသများ၏ သဘောထားကို စုံစမ်းရေးကော်မရှင်ဖွဲ့ပြီး စုံစမ်းရန်ဆိုသည့်အချက်ကို မြန်မာဘက်က သဘောတူခဲ့ရသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းဒေသများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတည်ဆောက်ကာ လွတ်လပ်ရေးကို အရယူနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံညီလာခံကို ကျင်းပခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံတွင် တောင်တန်းဒေသများ၌ပါဝင်သည့် ကချင်၊ ချင်းနှင့် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်များသာတက်ရောက်ခဲ့ပြီး နောက်ထပ် တောင်တန်းဒေသတစ်ခုဖြစ်သည့် သံလွင်ခရိုင်မှ ကရင်တိုင်းရင်းသားကိုယ်စားလှယ်များကမူ ပါဝင်ဆွေးနွေးခြင်းမရှိဘဲ လေ့လာသူအဖြစ်သာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **တောင်တန်းဒေသတွင် မပါဝင်သော ရခိုင်၊ မွန်၊ ကယား စသည့် တိုင်းရင်းသားများသည်လည်းကောင်း၊ ရှမ်းစော်ဘွားများ ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ထားသည့် ကျန်တိုင်းရင်းသား လူမျိုးများဖြစ်သော ပအိုဝ်း၊ ပလောင်၊ ဓနု၊ ဝ၊ ကိုးကန့်၊ လားဟူ စသည့် တိုင်းရင်းသားလူမျိုးများသည်လည်းကောင်း ပင်လုံညီလာခံတွင် ပါဝင်ခဲ့ခြင်းမရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပင်လုံညီလာခံသည် တောင်တန်းဒေသအပါအဝင် မြန်မာနိုင်ငံတစ်ခုလုံး အတူတကွ လွတ်လပ်ရေးရယူနိုင်အောင် လိုအပ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် မြန်မာနိုင်ငံအနေဖြင့် အတိုင်းအတာတစ်ခုအထိ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။**

လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် အမျိုးသားစည်းလုံးညီညွတ်ရေးသည် လွတ်လပ်ရေးရပြီးနောက် အယူအဆရေးရာကွဲပြားမှု၊ ဝါဒရေးရာကွဲပြားမှု၊ လူမျိုးရေးအစွန်းရောက်မှုများကြောင့် လျင်လျင်မြန်မြန်ပင် ပြန်လည်ပြိုကွဲသွားခဲ့ရသည်။ ထိုအချိန်က အာဏာရအစိုးရဖြစ်သည့် ဖဆပလအစိုးရသည် ပြိုကွဲနေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့ပါတီအတွင်း၌ပင် ပုဂ္ဂိုလ်ရေးအရ အကွဲအပြဲများဖြစ်ပေါ်နေသဖြင့် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ၁၉၆၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဦးနု၏ ပထစအစိုးရသည်လည်း ရခိုင်၊ မွန်နှင့် ချင်းပြည်နယ် တည်ထောင်ရေးကိစ္စများ၊ ရှမ်းပြည်နယ်၏ အခွင့်အရေးဆိုင်ရာ ပြဿနာများစသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စများကို ဆွေးနွေးနိုင်ရန်အတွက် ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များတက်ရောက်သည့် အမျိုးသားညီလာခံတစ်ရပ်ကို ကျင်းပခဲ့သည်။ သို့သော် ထိုဆွေးနွေးပွဲတွင် ရှမ်းစော်ဘွားများက ၎င်းတို့ တောင်းဆိုချက်များမရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှ ခွဲထွက်ရန်အထိ ကြိုးပမ်းလုပ်ဆောင်လာ

တပ်မတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များသည် အတိတ်ကာလကကဲ့သို့ နိုင်ငံရေးသက်သက်၊ စစ်ရေးသက်သက်အမြင်ဖြင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေး စသည်ဖြင့် ဘက်စုံထောင့်စုံမှ ချဉ်းကပ်ဆောင်ရွက်ခဲ့သည့် မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်ကို တွေ့ရမည်ဖြစ်။

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

☆ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

☆ နှစ်ပေါင်းထောင်ချီ၍ ဥမကွဲ သိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

အခြေခံဥပဒေထဲတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှု စသည်တို့ကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့်လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့်အာဏာတို့လည်း ပါပြီးဖြစ်။ လွှတ်တော်ထဲတွင် အားလုံးလက်တွဲလုပ်ဆောင်ရင်း အားသာချက်များကို ပိုပြီး အားကောင်းအောင်၊ အားနည်းချက်များတွေ့လာပါက ပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာလို။

သောကြောင့် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့ရတော့သည်။

တော်လှန်ရေးကောင်စီသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်လျှင် တိုင်းရင်းသားလူမျိုးများ အရေးနှင့်ပတ်သက်၍ တော်လှန်ရေးကောင်စီ၏ခံယူချက်ကို ထုတ်ပြန်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခြင်းတို့သည် တော်လှန်ရေးကောင်စီ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဦးတည်လုပ်ဆောင်ချက်များပင်ဖြစ်သည်။ ထို့ပြင် ပါလီမန်ဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကို ကျင့်သုံးခဲ့သောကြောင့် စည်းလုံးညီညွတ်မှုပျက်ပြားပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်းက မျှော်မှန်းခဲ့သည့် ဆိုရှယ်လစ်ပန်းတိုင်နှင့် အလှမ်းဝေးခဲ့ရသည်ဟု သင်ခန်းစာ ဖော်ထုတ်ပြီး တစ်ခုတည်းသော ဦးဆောင်ပါတီ၏အောက်တွင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်စွာနှင့် ပါဝင်ဆောင်ရွက်ကြနိုင်ရန် တစ်ပါတီစနစ်ကိုကျင့်သုံးမည်ဟု ဆုံးဖြတ်ခဲ့သည်ကိုလည်း တွေ့ရသည်။ သို့သော် လက်တွေ့တွင်မူ အရင်းရှင် ပါလီမန်ဒီမိုကရေစီစနစ်ကိုပင် ကြိုက်နှစ်သက်သော ပထစနှင့် ဖဆပလခေါင်းဆောင်များ၊ လက်ဝဲစွန်းရောက် ကွန်မြူနစ်များ၊ လူမျိုးရေးအစွန်းရောက် ဝါဒီများ အနေဖြင့် တစ်ပါတီစနစ်အတွင်းတွင် ပါဝင်လာခြင်းမရှိဘဲ နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်နေခြင်းကြောင့် မျှော်မှန်းထားသည့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ခြင်းမရှိသည်ကို တွေ့ခဲ့ရပါသည်။

၁၉၈၈ ခုနှစ် ဆူပူမှုအရေးအခင်းကာလတွင်မူ မြန်မာနိုင်ငံ၏ အမျိုးသားစည်းလုံးညီညွတ်ရေးအခြေအနေသည် အဆိုးရွားဆုံးကာလသို့ရောက်ခဲ့သည်ဟု ဆိုရပေမည်။ ထိုအခြေအနေအောက်တွင် နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူခဲ့သော တပ်မတော်အစိုးရသည်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ သို့သော် တပ်မတော်အစိုးရသည် ယခင်အစိုးရ အဆက်ဆက်က အမျိုးသားစည်းလုံးညီညွတ်ရေးတည်ဆောက်ရာတွင် မအောင်မမြင်ဖြစ်ခဲ့ရသည့် အကြောင်းအရင်းများကိုဖော်ထုတ်ပြီး ယခင်အစိုးရများနှင့် ကွဲပြားခြားနားသည့် ချဉ်းကပ်ပုံနည်းလမ်းများကို အသုံးပြုခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

နိုင်ငံရေးအရ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ၉၀ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များအပါအဝင် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ စသည့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ (၈)ဖွဲ့ ပါဝင်သည့် အမျိုးသားညီလာခံကိုကျင်းပပြီး အနာဂတ် နိုင်ငံတော်ဖွဲ့စည်းပုံအတွက် အခြေခံရမည့်မူများ၊ အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ခဲ့သည်။ ထိုအမျိုးသားညီလာခံသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ် တစ်ထောင်ကျော်အနက် တိုင်းရင်းသားကိုယ်စားလှယ် ခြောက်ရာကျော်ပါဝင်ခဲ့သည့်အတွက် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်မှ တစ်မြို့နယ်လျှင် တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦး အနည်းဆုံးပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ထိုကိုယ်စားလှယ်များသည် ပါတီစွဲ၊ ဝါဒစွဲကင်းကင်းဖြင့် အမျိုးသားအကျိုးစီးပွားကိုသာ ရှေးရှုပြီး အနာဂတ် နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဍာန်ကို ဆွေးနွေးခဲ့ကြခြင်းကြောင့် အမျိုးသားညီလာခံတွင် မြန်မာ့နိုင်ငံရေးအင်အားစု အသီးသီးကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပေမည်။

ထိုကဲ့သို့ နိုင်ငံရေးအရ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသားရေးအင်အားစုအားလုံး ပါဝင်နိုင်ရန်အတွက် အမျိုးသားညီလာခံဖြင့် ဆောင်ရွက်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသများတွင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့✤

ပြည်ထောင်စုပွဲ နွှဲစို့ပျော်ပျော်

❖ ဒို့တိုင်းပြည် ဘေးမသန်းပါဘဲ
အေးချမ်းလို့ သာယာသည်။
ဖွံ့ဖြိုးအောင် တိုင်းရင်းသားတို့
ကြိုးစားခဲ့ပြီ။
ကြည့်လိုက်ပါ့ ရွှေတိုင်းပြည်
ဘက်စုံညီ အလှကျင်း။
လမ်းတံတား အဖုံဖုံနဲ့
ပန်းများ အငုံငုံနဲ့
နေအရုဏ် ရွှေမှုန်လှစ်တယ်
ဒို့ခေတ်မြင်ကွင်း။

❖ တာတမံ ဆည်မြောင်းနဲ့
ကန်ချောင်းတို့ ပြည့်လျှံကြည်။
မိုးခေါင်စေ ရေမရှားအောင်
အားဖြည့်ခဲ့ပြီ။
ပုထိုး ဘုရား စေတီ
မွေသရီ ရွှေရည်ဖိတ်။
အမျိုးဘာသာနဲ့
သာသနာ အရောင်လင်းပါလို့
ကမ္ဘာမှာ အခေါင်ချဉ်းစေဖို့
ဆောင်နှင်းကာ အားသွန်မပြတ်တယ်
မွန်မြတ်တဲ့စိတ်။

❖ ချစ်ခြင်းကို အကြောင်းပြုလို့
ပေါင်းစုလို့ ညီညွတ်သည်
ဒို့ပြည်ထောင် ညီနောင်များတို့
အားသစ်ဝေစည်။
ပင်လုံစိတ် အခြေခံသည်
ကိုယ့်တိုင်းပြည် ကိုယ်မြတ်နိုး။
စစ်မှန်သောမျိုးချစ်စိတ်
ပြည့်သိပ်လျှံတိုး။

❖ ငွေနှင်းမှုန် ကြဲပက်တဲ့
ဆယ့်နှစ်ရက် ဖေဖော်ဝါရီ။
စိမ်းလန်းအရိပ် အစဉ်ကွဲ့
ငြိမ်းချမ်းနိမိတ် အသွင်ဆောင်တဲ့
တောတောင်တွေ မြအသွေးနဲ့
လှဆေးပန်းချီ။
ရွှေပြည်သစ် ဒီမိုကရေစီ
ဖြစ်တည်ခဲ့ ရှုမဝ။
တိုင်းရင်းသားစုံညီ
တေးသီလို့ ပျော်ရွှင်ကြ။
ညီနောင်ထု အစဉ်တွဲပါလို့
ပြည်ထောင်စုတစ်ခွင် နွှဲကြမယ်
ပွဲစည်လွှန်းလှ။ ။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို
ကြိုဆိုဂုဏ်ပြုလျက်-

ခွန်ရဲသွေး(အေးသာယာ)

✤ စာမျက်နှာ ၉ မှ

တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားနေပြီး ပြည်သူများ အတိဒုက္ခရောက်နေမှုများကို ရပ်တန့်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများအပြားမှာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲလုပ်ဆောင်ခဲ့သည် ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေးတည်ဆောက်မှု၏ အကျိုးဆက်အဖြစ် အချို့လက်နက်ကိုင်အဖွဲ့များမှာ လက်နက်ကိုင်လမ်းစဉ်ကို လုံးဝစွန့်လွှတ်ခဲ့ပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင်ပင် ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့သည့် အခြေအနေ အထိ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် စစ်ရေးပဋိပက္ခများကြောင့် ပြိုကွဲခဲ့ရသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

ထို့ပြင် တပ်မတော်အစိုးရသည် နိုင်ငံအတွင်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ခဲ့ရသည့်အခြေအနေကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဦးစီးသည့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကိုဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၁ ခုတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတော်အတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု အကြားအလပ်မရှိစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုကို စီမံချက်ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ အလားတူပင် နိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ပထဝီအနေအထားအရ အဆက်အသွယ်ခက်ခဲမှုများ ပပျောက်စေရန်အတွက် နိုင်ငံအတွင်း လမ်းတံတားကွန်ရက်များ၊ မီးရထားလမ်း ကွန်ရက်များကို အမျိုးသားအဆင့် စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးခဲ့သည်။ ဤသည်မှာ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းဖြင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက်လိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ တစ်ဖက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်နိုင်မည့်၊ ထာဝရထိန်းသိမ်းထားနိုင်မည့် အခြေအနေကောင်းများကို ဖော်ဆောင်ပေးသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို ထိခိုက်အောင်၊ ပျက်ပြားအောင် လုပ်ဆောင်လာသည့် ပြည်တွင်းပြည်ပအင်အားစုများ၏ အဖျက်အမှောင့် လုပ်ရပ်များကိုလည်း ကာကွယ်တားဆီးခဲ့ရသည်။ နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားများ အသက်ဝင်စေရန်၊ ခိုင်မာအင်အားတောင့်တင်းသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်စေရန်အတွက်လည်း လုပ်ဆောင်ခဲ့ရသည်။

ထို့ကြောင့် တပ်မတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များသည် အတိတ်ကာလကကဲ့သို့ နိုင်ငံရေးသက်သက်၊ စစ်ရေးသက်သက်အမြင်ဖြင့် ဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးစသည်ဖြင့် ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့သည့် မဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခဲ့သည့်အတွက်လည်း ယနေ့အချိန်ကာလတွင် မည်သည့်ခေတ်ကနှင့်မျှမတူအောင် မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေခြင်းလည်း ဖြစ်ပေသည်။

သို့တိုင်အောင် ယနေ့လုပ်ဆောင်နေသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များမှာ ပြီးမြောက်အောင်မြင်ပြီဟု မဆိုနိုင်သေးပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်ဖွဲ့စည်းမှုတွင် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများစွာ ရှိနေသေးသည်။ ပေါ်ပေါက်လာတော့မည့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား ဆက်ဆံရေး၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးများသည် ယခင်က ကျင့်သုံးခဲ့သည့် နိုင်ငံတော်တည်ဆောက်ပုံနှင့် လုံးဝကွဲပြားခြားနားပေသည်။ ထို့အတူ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားရေး မဏ္ဍိုင်များကို တိတိပပ ခွဲခြားထားပြီး အပြန်အလှန်ထိန်းကျောင်းထားသည့် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်မှု ပုံသဏ္ဌာန်သည်လည်း ပထမဆုံးအကြိမ်ကျင့်သုံးမည့် ပုံစံဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် ကျော်ဖြတ်ရမည့် စိန်ခေါ်မှုများ၊ စမ်းသပ်မှုများ များစွာ ရှိနေပေသည်။ ထို့ပြင် ယာယီငြိမ်းချမ်းရေးသာ တည်ဆောက်ထားနိုင်သည့် တိုင်းရင်းသား ဒေသများတွင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် ဆက်လက်ကြိုးစားနေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများရန်မှ ကာကွယ်ရေးစသည့် လုပ်ငန်းများလည်း ကျန်ရှိနေပေသေးသည်။ ထိုစိန်ခေါ်မှုများ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်မှသာ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့မည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

ဤကဲ့သို့သောအခြေအနေမျိုးတွင် ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များကို မျက်ကွယ်ပြုပြီး ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကဲ့သို့သော ညီလာခံတစ်ခုကို ပြန်လည်ခေါ်ယူကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သင့်သည်ဟု ပြောဆိုမှုများ ပေါ်ထွက်လာသည်ကိုလည်း သတိပြုမိ၏။ ထိုညီလာခံမျိုးကို On Line မှ လုပ်မည်ဟု အကြံပြုသူတွေလည်း ရှိနေသည်ကိုပင် အံ့သြဖွယ်တွေ့ရသည်။ ထိုကဲ့သို့ ပြောဆိုနေသူများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်ကို လူတစ်ဦးက ဦးဆောင်ပြီး အဖွဲ့လေးငါးဖွဲ့ စုပေါင်းတွေ့ဆုံရုံမျှနှင့် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ထင်နေပုံရပေသည်။ ထိုသူများကို ညီလာခံလုပ်ဖို့ ခဏထား၊ ဘယ်သူတွေက ဘယ်တိုင်းရင်းသားလူမျိုးစုကို၊ ဘယ်ပါတီက နိုင်ငံရေးအင်အားစုကို ကိုယ်စားပြုမည်ဆိုသည်ကိုပင် သဘောတူညီမှုရအောင် ကြိုးစားကြည့်ပါဦးဟု အကြံပြုချင်သည်။

ယနေ့အခြေအနေသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံလို ဖဆပလနှင့် ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသက်သက် တွေ့ဆုံဆွေးနွေးဆုံးဖြတ်၍ရသည့်အခြေအနေ မဟုတ်တော့သည်ကို မြင်ဖို့လိုပါသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် ပါဝင်ခွင့်မရခဲ့သည့် တိုင်းရင်းသားလူမျိုးစုများသည် ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေးအရ များစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် အချို့တိုင်းရင်းသားလူမျိုးစုများတွင် လုပ်ပိုင်ခွင့်ရထားသည့်အပြင် မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်လျှင် ဖဆပလနှင့်သာ ဆွေးနွေးရန် ဗြိတိသျှတို့က လက်ခံထားခြင်းကြောင့် ပင်လုံညီလာခံကို ဖဆပလက ဦးဆောင်ပြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်ဆိုသည်ကိုလည်း သတိရဖို့ လိုပါသည်။

ထို့ကြောင့် ယနေ့နိုင်ငံတော်၏ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် တပ်မတော်နှင့် ၂၀၁၀ ရွေးကောက်ပွဲမှ ရွေးချယ်ခံနိုင်ငံရေးပါတီများမပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံကျင်းပမည်ဆိုသည့် အယူအဆသည် အပေါစားနိုင်ငံရေးစတန့်ထက် ပိုမည်မဟုတ်သည်ကို နားလည်ဖို့ လိုပါသည်။ တပ်မတော်အနေဖြင့် ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် လိုအပ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဘက်စုံထောင့်စုံမှ စဉ်းစားဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ပြီး ဖြစ်သည်။ ထိုအချိန်တွင် တပ်မတော်မပါဝင်သည့် ပင်လုံညီလာခံပုံစံ ညီလာခံတစ်ခုကို စေတနာကောင်းဖြင့် ကျင်းပသည်ဆိုဦးတော့ ထိုညီလာခံသည် အစိုးရကိုဆန့်ကျင်နေသော၊ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင် လုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ အသုံးချခံအဖြစ်သို့ ရောက်ရှိသွားမည်မှာ သေချာပေသည်။ ထိုသို့ဖြစ်လာလျှင်မူ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးဆိုသကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်သည့်အဖြစ်သို့ ရောက်သွားပေလိမ့်မည်။

နိုင်ငံရေးအရ အနာဂတ်နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေးအင်အားစုအားလုံး ပါဝင်နိုင်ရန်အတွက် အမျိုးသားညီလာခံဖြင့်ဆောင်ရွက်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု ပျက်ပြားနေပြီး ပြည်သူများ အတိဒုက္ခရောက်နေမှုများကို ရပ်တန့်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများအပြားမှာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် လက်တွဲလုပ်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်။

ယာယီငြိမ်းချမ်းရေးတည်ဆောက်ထားသော လက်နက်ကိုင်တပ်ဖွဲ့များ ရှိနေသကဲ့သို့ အချို့တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှာ နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး တစ်ဖက်ကလည်း တရားဝင်နိုင်ငံရေးပါတီများ ထူထောင်ထားပြီး ဖြစ်သည်။ တစ်ဖက်ကလည်း မိမိတို့သာ သက်ဆိုင်ရာတိုင်းရင်းသားများကို ကိုယ်စားပြုသည်ဟု ပြောနေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ ပြည်ပြေးအဖွဲ့အစည်းများလည်း ရှိသေးသည်။ နိုင်ငံရေးဘက်တွင်လည်း ၂၀၁၀ ရွေးကောက်ပွဲတွင် ဥပဒေပြုလွှတ်တော် အဆင့်ဆင့်၌ အရွေးချယ်ခံထားရသည့် နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များလည်း ရှိပြန်သည်။

ထို့ပြင် ၁၉၄၇ ခုနှစ်က မိမိနိုင်ငံကို ကျွန်ပြုထားသည့် နယ်ချဲ့ဗြိတိသျှတို့ကိုသာ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ သို့တိုင်အောင် ပင်လုံညီလာခံမတိုင်မီနှင့် ညီလာခံအတွင်း ဗြိတိသျှကိုယ်စားလှယ်များ ခြေရှုပ်မှုကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရသည်ကိုလည်းကောင်း၊ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင်လျှင် စိတ်ပျက်ပြီး ရန်ကုန်ပြန်ရန် လေယာဉ်မှာသည်အထိ ဖြစ်ခဲ့ရသည်ကို လည်းကောင်း ပင်လုံညီလာခံတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများ ရေးသားသည့်စာအုပ်များတွင် တွေ့နိုင်ပါသည်။

ယနေ့အချိန်တွင်မူ ပထဝီနိုင်ငံရေးအခြေအနေသည် လွန်ခဲ့သည့် နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလနှင့် များစွာကွာခြားခဲ့ပေပြီ။ အာရှဒေသတွင် ဗြိတိသျှတို့နေရာသို့ အစားထိုးဝင်လာသည့် အင်အားကြီးဇာတ်ကောင်သစ်တွေ ရှိလာနေပြီ။ အင်အားကြီးနိုင်ငံမဟုတ်သည့်တိုင် မြန်မာနိုင်ငံအရေးတွင် သူတို့၏ အမျိုးသားအကျိုးစီးပွားအရ ပါဝင်နေသည့်၊ ပါဝင်ရန်ကြိုးစားနေသည့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အများအပြားရှိနေသည်။ ထိုအထဲတွင် ကောင်းသောရည်ရွယ်ချက်နှင့် ပါဝင်ချင်သူတွေရှိသလို မကောင်းသောရည်ရွယ်ချက်နှင့် ဝင်ရောက်စွက်ဖက်ချင်သူတွေလည်း ရှိသည်။ ထိုအခြေအနေမျိုးတွင် တစ်ယောက်တစ်ပေါက်နှင့် ညီလာခံတစ်ခုကျင်းပမည်ဆိုလျှင် ထိုညီလာခံကို မိမိကိုယ်မိမိ သက်ဆိုင်ရာတိုင်းရင်းသားကို ကိုယ်စားပြုသည်ဟု ထင်နေသမျှ လူအားလုံး၊ အဖွဲ့အားလုံး တက်ခိုင်းဆိုလျှင် ထိုညီလာခံမှ ဘာအကျိုးဆက်တွေ ဖြစ်လာ မည်ကို စဉ်းစားရုံဖြင့် သိနိုင်ပါသည်။

ထို့ကြောင့် ဦးဆောင်နိုင်မည့် ခိုင်မာအင်အားကောင်းသည့် အဖွဲ့အစည်း၊ တိကျသည့် ကိုယ်စားလှယ်ရွေးချယ်မှုစနစ်များမရှိဘဲ တစ်ဦးတစ်ယောက်ကောင်းဖြင့် ညီလာခံတစ်ခုကျင်းပနိုင်မည်ဟု စဉ်းစားခြင်းမှာ ပကတိအရှိတရားနှင့် အင်မတန်အလှမ်းဝေးသော စိတ်ကူးယဉ်မှုသက်သက်သာဖြစ်သည်။ မိမိအနေအထားကို လိုသည်ထက်ပိုတွက်ပြီး မိမိကိုယ်မိမိအထင်ကြီးလွန်းနေခြင်းသာ ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကျင်းပချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်သည် ဗြိတိသျှဘုရင်ခံ၏ အစိုးရအဖွဲ့တွင် ပါဝင်နေပြီး ကာကွယ်ရေးနှင့် နိုင်ငံခြားရေးမှအပ ကျန်အုပ်ချုပ်ရေးကိစ္စများတွင်

ထိုသို့ဆိုလျှင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဘာမှမလုပ်ရတော့ဘူးလားဟု မေးရန်ရှိပါသည်။ လုပ်ရန်နည်းလမ်းများရှိပါသည်။ ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် လွှတ်တော်အဆင့်ဆင့်သည် ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်နိုင်မည့်နေရာများဖြစ်သည်။ လွှတ်တော်အသီးသီးတွင် ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များရှိသည်။ ဘယ်သူက ဘယ်သူ့ကို ကိုယ်စားပြုသည်ကို ငြင်းခုံနေစရာမလို၊ သက်ဆိုင်ရာမဲဆန္ဒနယ်က ပြည်သူများက သူတို့အကျိုးအတွက် မည်သူ့ကို တာဝန်ပေးမည်ကို ဆုံးဖြတ်ပေးခဲ့ပြီးဖြစ်သည်။ ထိုကိုယ်စားလှယ်များထဲတွင် တိုင်းရင်းသားတွေလည်းပါသည်။ ထို့ပြင် သီးခြားတိုင်းရင်းသားကိုယ်စားလှယ်အဖြစ် အရွေးခံရသူတွေလည်း ပါသည်။ နောက်ပြီး တပ်မတော်သား ကိုယ်စားလှယ်တွေပါသည်။ ယနေ့ပြောနေသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တပ်မတော်တို့ တွေ့ဆုံရေးဆိုသည့်လုပ်ငန်းကို ထိုလွှတ်တော်အဆင့်ဆင့်တွင် လက်တွေ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဥပဒေပြုရေးရာများတွင် လက်တွဲဆောင်ရွက်ရင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများကို တည်ဆောက်နိုင်ပါလိမ့်မည်။ ထိုအခြေခံဥပဒေထဲတွင် တိုင်းရင်းသားများ၏ အခွင့်အရေး၊ မိမိတို့ဘာသာစကား၊ ယဉ်ကျေးမှု စသည်တို့ကို ထိန်းသိမ်းဖော်ဆောင်နိုင်မည့် လွှတ်တော်၊ အစိုးရအဖွဲ့၊ ဥပဒေပြုခွင့်အာဏာတို့လည်း ပါပြီးဖြစ်သည်။ လွှတ်တော်ထဲတွင် အားလုံးလက်တွဲလုပ်ဆောင်ရင်း အားသာချက်များကို ပိုပြီးအားကောင်းအောင်၊ အားနည်းချက်များတွေ့လာပါက ပြုပြင်နိုင်အောင် ဝိုင်းဝန်းကြိုးစားဖို့သာ လိုပါသည်။

ဥပဒေပြုလွှတ်တော်များသို့ ရွေးချယ်ခံရခြင်းမရှိသူများ၊ အဖွဲ့အစည်းများကရောဟု မေးလျှင် သူတို့တစ်တွေသည် အခြေခံဥပဒေက ပေးအပ်ထားသည့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့်အညီ လွှတ်တော်ပြင်ပတွင် မိမိတို့၏အမြင်များကို ပြောဆိုတင်ပြနိုင်မည်ဖြစ်သည်။ မိမိတို့မဲဆန္ဒနယ်က ကိုယ်စားလှယ်များကို အကြံပြုနိုင်ကြမည်ဖြစ်သည်။ မိမိတို့အယူအဆ၊ အတွေးအမြင်များကို ပြည်သူတွေက ထောက်ခံသည်ဟု ယုံကြည်လျှင် နောက်တစ်ကြိမ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော်အတွင်း နိုင်ငံရေးကို လုပ်ဆောင်နိုင်ကြပါလိမ့်မည်။

ဤနည်းလမ်းသည်သာလျှင် လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပရှိ နိုင်ငံရေးအင်အားစုများအနေဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် လုပ်ဆောင်နိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတွင် အားလုံးပါဝင်နိုင်မည့် အခွင့်အရေးလည်းဖြစ်ပါသည်။ မိမိတို့မျက်မှောက်ရှိ အကောင်းဆုံးနည်းလမ်းကို မရွေးဘဲ စိတ်ကူးယဉ်မှုသက်သက်ဖြင့် ဆောင်ရွက်ဖို့ကြိုးစားလျှင်မူ အကျိုးထက် အပြစ်ကပိုများလိမ့်မည်ဆိုသည်ကို သတိပြုကြစေလိုပါသည်။ ။

MANDALAY Exhibition 2011 ပြပွဲ ဖွင့်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၂

MANDALAY Exhibition 2011 ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပြပွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၂၉ ရက်တွင် တိုင်းရင်းဆေးရုံ(မန္တလေး)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနများသို့ ဌာနသုံး တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် အလှူရှင်မိသားစုက တိုင်းရင်းဆေးဝါးများ လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ဌာနသုံးတိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေါက်တာကျော်စိုး စုဆောင်းထားရှိခဲ့သော ရှားပါးစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂

ဟားဗက်တက္ကသိုလ်တွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ဒေါက်တာကျော်စိုး M.A., Ph.D(Harvard) (အငြိမ်းစား တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)(ကွယ်လွန်)စုဆောင်းထားရှိခဲ့သော ဘာသာရပ်ဆိုင်ရာ ရှားပါးစာအုပ်များဖြစ်သည့် ဇီဝဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ပညာရပ်များဆိုင်ရာ စာအုပ်များ၊ သုတေသနစာတမ်းများ၊ တိုင်းရင်းဆေးပညာစာတမ်းများ၊ ရှားပါးအင်္ဂလိပ်စာ စာအုပ်များအပါအဝင် စုဆောင်းထားရှိခဲ့သည့် စာအုပ်စုစုပေါင်း ၅၇၃ အုပ်ကို တပည့်များဖြစ်ကြသော ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (Sun Myanmar Group of Companies)၊ ဦးထွန်းရှောင်နှင့် ဆရာကြီး ဒေါက်တာဦးကျော်စိုး၏ တူမ ဒေါ်မို့မို့အေးတို့က တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ရှိ ရည်ညွှန်းစာဖတ်ခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယက၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် အငြိမ်းစား စာကြည့်တိုက်မှူး ဆရာကြီး ဒေါက်တာဦးသော်ကောင်း၊ ရန်ကုန်တက္ကသိုလ်ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာနနှင့် စာကြည့်တိုက်နှင့် သုတေသနပညာဌာနတို့မှ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြက အမှာစကားပြောကြားခဲ့ပြီး အလှူရှင်က စာအုပ်များ၊ ရှားပါးဘာသာရပ်ဆိုင်ရာ စာအုပ်များကို အများအကျိုးရှိစွာ အသုံးပြုလေ့လာ ကိုးကားနိုင်ရန်၊ နောင်လာနောက်သားများ တန်ဖိုးရှိစွာ အသုံးချနိုင်ရန်တို့အတွက် ဆရာကြီး၏ ကျေးဇူးကို ဆပ်သောအားဖြင့် လာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး စာအုပ်များကို ပေးအပ်လှူဒါန်းရာ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်တင်ဝင်းရီက စာအုပ်များကို လက်ခံရယူကာ **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက်ရွှေကျင်သာသနာပိုင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဇောတိပါလ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာနေ ခမည်းတော်ဦးဘိုးသုံး၊ မယ်တော်ဒေါ်အုန်းပွင့်တို့က ၁၂၈၃ ခုနှစ် နယုန်လဆန်း ၂ ရက် (အင်္ဂါနေ့) တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၄ ခုနှစ်တွင် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ နိဗ္ဗာန်တောင်ကျောင်းဆရာတော် ဘဒ္ဒန္တဉာဏဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၂ ခုနှစ်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါယာမကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သီရိမင်္ဂလာကြခတ်ဝိုင်းကျောင်းတိုက် သီလဝိသောဓနီသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာ နိဗ္ဗာန်တောင်ကျောင်းဆရာတော်ဘဒ္ဒန္တဉာဏဝံသ၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမေဓ၊ ဘဒ္ဒန္တဇဝန၊ ဘဒ္ဒန္တဥတ္တရာဇီဝ၊ ဘဒ္ဒန္တသုဇာတ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရဆရာတော် ဘဒ္ဒန္တဝါယာမ၊ ဘဒ္ဒန္တကလျာဏ၊ ဘဒ္ဒန္တဇာဂရ၊ ဘဒ္ဒန္တဝိလမ၊ ဘဒ္ဒန္တဉာဏဝံသ၊ စစ်ကိုင်းမြို့ မဟာစေတီလှစာချဆရာတော်ဘဒ္ဒန္တဓမ္မာနန္ဒ၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော်ဘဒ္ဒန္တနာရဒ၊ ဘဒ္ဒန္တကုန္ဒာသဘ၊ ဆရာတော်ဦးကြယ်၊ အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ ရွှေရေးဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူပြီး ၁၃၁၅ ခုနှစ်တွင် သာသနဓဇ သိရီပဝရဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပဲခူးမြို့ သီရိမင်္ဂလာကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၌ စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေသင်ကြားပို့ချတော်မူခြင်း၊ ပဲခူးမြို့နယ် သံဃမဟာပဝါရဏာပွဲနှင့် ဝိနည်းစာပြန်ပွဲဝန်ဆောင်ချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယကတွဲဖက်ရွှေကျင်သာသနာပိုင်စသော သာသနာရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်တော်မူခြင်း၊ မဟာဝဂ္ဂါဒိဂန္ထသတ္တကပါဠိပါရဂူကျမ်း၊ ပါဠိမဂ္ဂဒ္ဒေသကဝိဘာဝနီကျမ်း၊ ပါဠိပညာဗျာကရဏဝိဘာဝိနီကျမ်း၊ ဘာဝနာရသဝိဘာဝနီကျမ်း၊ အမတရသဝိဘာဝနီကျမ်း၊ အရိယာမဂ္ဂက္ခဏဝိဘာဝနီကျမ်း စသောကျမ်းပေါင်း(၄၂) ကျမ်းကို ပြုစုရေးသားတော်မူခြင်း၊ စာသင်တိုက်ခွဲပေါင်း(၄၅)တိုက်ကို ဖွင့်လှစ်တည်ထောင်တော်မူခြင်း စသည်ဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး သာသနစုရာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမ စသည့် ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၉(၁၉၉၈) ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၆၃(၂၀၀၂)ခုနှစ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါ အရ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် (၁-၂-၂၀၁၁) (အင်္ဂါနေ့) ည ၈ နာရီ ၂၅ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

အရှေ့ပိုင်းဒေသများ ညအပူချိန် အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပင်လောင်းမြို့နှင့် ကသာမြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၃ ရက် ညနေထိခန့်မှန်းချက် ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့် ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂

GALLANT သင်တန်းကျောင်း၌ နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာသင်တန်းများအပြင် GALLANT သင်တန်းကျောင်းမှ အသိအမှတ်ပြု လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့် အင်ဂျင်နီယာပညာရပ်အသုံးချ ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ လုပ်ငန်းခွင် အသုံးချအင်ဂျင်နီယာဘာသာရပ်များမှာ နှစ်လမှ လေးလအထိသာ ကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာသည့်ဘာသာရပ်များဖြစ်သည်။

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်များမှာ တီဗွီ၊ ဒီဗွီဒီ၊ ဗွီစီဒီနှင့် အသုံးချအီလက်ထရွန်နစ် စက်ပြင်သင်တန်း၊ အိမ်၊ စက်ရုံ၊ ဆောက်လုပ်ရေး (သင်္ဘောကျင်းဝါယာရိန်း)၊ ကုမ္ပဏီနှင့် ရုံးသုံးအဲယားကွန်း အခြေခံသင်တန်း၊ အဆင့်မြင့်ကွန်ဒို၊ အရောင်းစင်တာ၊ ဟိုတယ်အသုံးပြုအဲယားကွန်း (Duct Line)၊ စက်ရုံသုံးမော်တာထိန်းချုပ် မောင်းနှင်သင်တန်း၊ ဂဟေဆက်သင်တန်း (3G,4G & Low Levy)၊ ပိုက်ပြင်၊ ပိုက်ဆက်သင်တန်း၊ Mechanical & Electrical Competency (M&E) Computerized Numerical Control (CNC) သင်တန်းများဖြစ်ပြီး အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများမှာ Auto-CAD (Basic) , Auto-CAD (M&E), Programmable Logic Control (PLC), Microcontroller Course (or) (PIC) ဘာသာရပ်များဖြစ်သည်။

အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရပ်အသုံးချကွန်ပျူတာသင်တန်းများကို အခြေခံပညာအထက်တန်းရှိသူများ၊ ဘွဲ့ရရှိပြီးသူများသာမက အင်ဂျင်နီယာဘွဲ့၊ ဒီပလိုမာရရှိထားပြီးသူများလည်း တက်ရောက်နိုင်သည်။

သင်တန်းပြီးဆုံးအောင် တက်ရောက်ပါက GALLANT သင်တန်းကျောင်း အသိအမှတ်ပြု Certificate ချီးမြှင့်ပေးမည်ဖြစ်သည်။ GALLANT သင်တန်းကျောင်းက အထူးဝန်ဆောင်မှုအဖြစ် သင်တန်းပြီးဆုံးပါက ပြည်တွင်းအလုပ်အကိုင်ကို ပြည်တွင်းစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများသို့ တိုက်ရိုက်အလုပ်လျှောက်ထားပေးခြင်းအပြင် ပြည်ပအလုပ်အကိုင် လျှောက်ထားလိုသူများအား မိမိတို့၏ ပညာအခြေခံအလိုက် ဘာသာရပ်ရွေးချယ်ပေးခြင်း၊ မိမိ၏ Professional လိုင်း ပြင်ဆင်ပေးခြင်း၊ ထပ်မံလေ့လာရမည့် (Skill Level) ကျွမ်းကျင်မှုအဆင့်များကို ဆွေးနွေးပေးပြီး အလုပ်ရရှိရန် စီစဉ်ပေးလျက်ရှိကြောင်း၊ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ် လျက်ရှိရာ အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၃၀၃၂၆၇၀၊ ၅၃၉၄၀၃နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မောတောင်ကျေးရွာနေ မောင်နေယုလှိုင်သည် အမဲပစ်ရန် တောလည်သွားစဉ် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ညာခြေဖဝါးပြတ်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဒဏ်ရာရရှိသူအား ဇန်နဝါရီ ၃၀ ရက်တွင် မောတောင်ကျေးရွာနေ ဦးစိန်ဝင်းက တွေ့ရှိ၍ ရွာသို့ ပြန်လည်ခေါ်ဆောင်ခဲ့သဖြင့် နယ်မြေခံတပ်ရင်းစစ်ကြောင်းက လိုအပ်သော ဆေးဝါးများဖြင့် ကုသပေးခဲ့သည်။

ဆက်လက်၍ အဆိုပါဒဏ်ရာရရှိသူအား ဇန်နဝါရီ ၃၁ ရက်တွင် မောတောင်ကျေးရွာမှ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး ဖေဖော်ဝါရီ ၁ ရက်တွင် တနင်္သာရီမှ မြိတ်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကုသပေးလျက်ရှိကာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုဂုဏ်ပြု

ဗညားအောင် ၏
"နိုင်ငံ့အရေး အလွယ်မတွေးစေချင်ပါ" (ဆောင်းပါး) စာမျက်နှာ - ၈၊၉၊၁၀

ခွန်ရဲသွေး(အေးသာယာ) ၏
"ပြည်ထောင်စုပွဲ နွှဲစို့ပျော်ပျော်" (ကဗျာ) စာမျက်နှာ - ၉

သုန်နဒီ ၏
"ပြည်ထောင်စုစိတ်ဓာတ်" (ကာတွန်း) စာမျက်နှာ - ၉

မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ နိုင်ပွဲကိုယ်စီရ

ဟန်သစ်

လန်ဒန် ဖေဖော်ဝါရီ ၂

အင်္ဂလိပ်ပရီမီယာလိဂ် ပွဲစဉ်(၂၅)၏ ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ အသင်းကြီးများဖြစ်သည့် မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ နိုင်ပွဲကိုယ်စီရခဲ့ကြသည်။

မန်ယူ ၃-၁ ဗီလာ

အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေသည့် မန်ယူအသင်းသည် အောက်သင်းများကို ဆက်လက်အမှတ်ဖြတ်ထားနိုင်ရေးအတွက် ယခုပွဲကို ဝိန်းရွှန်နေး၊ ဘာဘာတော့ဗ်၊ နာနီ၊ ဂစ်၊ မိုက်ကယ်ကာရစ်၊ ဖလက်ချာတို့ဖြင့် လူစုံပွဲထွက်ခဲ့သည်။ ဧည့်သည် ဗီလာအသင်းတွင် ဒါရင်ဘန့်၊ အက်ရှ်လေယန်း၊ ဒေါင်းနင်း၊ ပက်ထရော့ဗ်၊ ရက်ချက်ဒန်းတို့ ပါဝင်လာခဲ့သည်။

ယခုပွဲတွင် မန်ယူအသင်းအတွက် ဂိုးများကို ပွဲအစ ၁ မိနစ်တွင်ပင်

စာမျက်နှာ ၅ ကော်လံ ၃ သို့ ▼

မန်ယူအတွက် အဖွင့်ဂိုးကို ဝိန်းရွှန်နေး သွင်းယူစဉ်။

ထူးခြားသည့်ညအပူချိန်များ

(၂-၂-၂၀၁၁)

ဟားခါး	(-၁) ဒီဂရီစင်တီဂရိတ်
ပူတာအို	၄ ဒီဂရီစင်တီဂရိတ်
လားရှိုး	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
ကလော	၅ ဒီဂရီစင်တီဂရိတ်